The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 17 August 2017 (၉၀၁၉)


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလ ရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

# စဉ်ဆက်မပြတ်ဓာတ်အားရရှိရန် စွမ်းအင်အရင်းအမြစ်မျိုးစုံ အချိုးကျအသုံးပြုပြီး Generation Mix ဖြင့် ဆောင်ရွက်ရမည်

**နေပြည်တော် ဩဂုတ် ၁၆**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ ကြယ်ပွင့်ပြ မေးခွန်းပေါင်း ၈၃ ခုအနက် ကတိဖြစ်ခဲ့သော မေးခွန်း ၄၉ ခုရှိရာ ၁၂ ခုသာ ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ ကြယ်ပွင့်မပြမေးခွန်းပေါင်း ၂၆၇ ခုအနက် ကတိဖြစ်ခဲ့သော မေးခွန်း ၁၄၉ ခုရှိရာ ၄၇ ခုသာ ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ ယင်းကိုကြည့်ခြင်းအားဖြင့် ကတိကဝတ်များဖော်ဆောင်ရာတွင် အားနည်းနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် သေချာကွင်းဆင်းစစ်ဆေးပြီး ဖြေကြားပေးရန် လိုအပ်ပါကြောင်း လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးတင်ပြခဲ့သည်။

ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးက ထိုသို့တင်ပြခဲ့ခြင်းဖြစ်သည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်သုံးဦး ပါဝင်ဆွေးနွေးခဲ့ကြပြီး ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်းက ကော်မတီ၏အစီရင်ခံစာတွင် မှတ်တမ်းတင်စောင့်ကြည့်ရမည့်အဆိုများကို မည်သို့မည်ပုံ စောင့်ကြည့်တွေ့ရှိရကြောင်း တင်ပြထားသည်ကို မတွေ့ရပါကြောင်း၊ ထို့ကြောင့် ကော်မတီအနေဖြင့် မှတ်တမ်းတင်စောင့်ကြည့်ရန် အဆိုများနှင့်ပတ်သက်၍ ထူးခြားသည့် စောင့်ကြည့်လေ့လာတွေ့ရှိချက်များကို ဘက်စုံမှလေ့လာသုံးသပ်ပြီး ဆုံးဖြတ်ဆောင်ရွက်နိုင်ရန်အတွက် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြအစီရင်ခံသင့်ပါကြောင်း ဆွေးနွေးခဲ့သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**



ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ ကျင်းပစဉ်။

# လုပ်ငန်းလိုအပ်ချက်နှင့် ရာထူးလစ်လပ်မှုအပေါ်မူတည်၍ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် စွမ်းဆောင်ရည်ရှိသော ယာယီနေ့စားများကို အမြဲတမ်းဝန်ထမ်းအဖြစ် ဦးစားပေးခန့်ထားခြင်းဖြစ်

**နေပြည်တော် ဩဂုတ် ၁၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးလားလ်မင်းထန်၏ **မြန်မာတစ်နိုင်ငံလုံး ဌာနဆိုင်ရာအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဘွဲ့ရနေ့စား လပေး(ယာယီ)ဝန်ထမ်းများအား ခြောက်လပြည့်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ပေးရန်နှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး(အဝေးသင်တက္ကသိုလ်ဖြေနေဆဲ) နေ့စားလပေး (ယာယီ)ဝန်ထမ်းများအား တစ်နှစ်ခွဲပြည့်ပါက အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်းက ဝန်ထမ်းအဖွဲ့အစည်းများတွင် ဖွဲ့စည်းပုံပါ စတင်ခန့်ရာထူးနေရာများ လစ်လပ်သဖြင့် ဝန်ထမ်းသစ်များ ခန့်ထားရာ၌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အတွင်း ညွှန်ကြားချက်များအရ ပြည်သူလူထု၏ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တိုက်ရိုက်အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေသည့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန(ယခုကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)၊ ပြည်ထဲရေးဝန်ကြီးဌာနများမှအပ

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**



ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ ကျင်းပစဉ်။

# ဧရာဝတီ၊ ချင်းတွင်းနှင့် သံလွင် မြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၆**

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် တစ်ပေခွဲခန့်နှင့် ကသာမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ပေဝက်ခန့်စီ မြင့်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ငါးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟုမ္မလင်းမြို့တွင် သုံးပေခွဲခန့်၊ ဖောင်းပြင်မြို့တွင် တစ်ပေခန့်နှင့် မော်လိုက်မြို့တွင် နှစ်လက်မခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် ပေဝက်ခန့်၊ နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့တွင် တစ်ပေခန့်နှင့် မော်လိုက်မြို့တွင် နှစ်ပေခန့် ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**




ကြေးမုံ

# ကျန်းမာရေးကို အထူးဂရုပြု

ပြည်သူများသည် နိုင်ငံ၏အရင်းအမြစ်များဖြစ်သည်။ အထူးသဖြင့် နိုင်ငံနှင့် ပြည်သူကို အလုပ်အကျွေးပြုနေသော ပြည်သူများမှာ တန်ဖိုးရှိသော အရင်းအမြစ်များဖြစ်သည်။ အဆိုပါပြည်သူများသည် လူသားများဖြစ်၍ သင်္ခါရသဘောတရားကို မလွန်ဆန်နိုင်ချေ။ သို့သော် အချိန်မတိုင်မီ မကြွေပျက်ဘဲ လူ့သက်တမ်းစေ့နေထိုင်စေချင်သည်။ သို့မှသာ မိမိ မိသားစုအကျိုး၊ နိုင်ငံနှင့် ပြည်သူတို့အကျိုးကို တတ်အားသမျှ သယ်ပိုးထမ်းဆောင်နိုင်မည်ဖြစ်သည်။

ယခုအခါ လူမှုဘဝနယ်ပယ်တွင် ရောဂါဆန်းများဖြစ်ပေါ်နေသည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။ ရာသီပေါ်ကူးစက်ရောဂါများနှင့် ဆီးချိုသွေးချိုရောဂါ အပါအဝင် အခြားမကူးစက်နိုင်သော ရောဂါများဖြစ်သည့် နှလုံး၊ သွေးတိုး၊ ကျောက်ကပ်၊ အသည်း၊ အဆုတ် စသည့် ခန္ဓာကိုယ်တွင်းဖြစ်ပွားတတ်သည့် ကင်ဆာရောဂါအပါအဝင် အမြစ်မပြတ်သောရောဂါများ လူအတော်များများတွင် ဖြစ်ပွားတတ်ကြပြီး အချိန်မတိုင်မီ ကွယ်ပျောက်ကြရသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူအများ သင်္ခါရသဘောတရားကို မလွန်ဆန်နိုင်ဘဲ ချုပ်ငြိမ်းသွားကြသည်ကို လေ့လာဆန်းစစ်ကြည့်သောအခါ ကူးစက်ရောဂါကြောင့် သေဆုံးမှုမှာ ၃၀ ရာခိုင်နှုန်း၊ ယာဉ်တိုက်မှုကြောင့် သေဆုံးမှုမှာ ၁၁ ရာခိုင်နှုန်း၊ ကျန်းမာရေးနှင့်မညီညွတ်သောကြောင့် သေဆုံးမှုမှာ ၂၄ ရာခိုင်နှုန်းဖြစ်ရာ စုစုပေါင်း ၆၅ ရာခိုင်နှုန်းမှာ အချိန်မတိုင်မီ သေဆုံးကြရသူများဖြစ်ပြီး ကျန် ၃၅ ရာခိုင်နှုန်းမှာ မီးစာကုန်ဆီခန်း၍ သေဆုံးသင့်သောအရွယ်တွင် သေဆုံးကြရသူများဖြစ်သည်။

မြန်မာနိုင်ငံရှိ လူဦးရေနှင့် ရောဂါဖြစ်ပွားမှုအခြေအနေကို လေ့လာကြည့်မည်ဆိုလျှင် ဆီးချိုသွေးချိုဖြစ်ပွားသူ ၂ ဒသမ ၅ သန်းရှိပြီး ရောဂါဖြစ်ပွားနိုင်သူ ငါးသန်းရှိသည်။ သွေးတိုးရောဂါရှိသူ ၆ ဒသမ ၃ သန်း၊ သွေးထဲတွင် အဆီဓာတ်များနေသူ ၈ ဒသမ ၈ သန်း၊ ခန္ဓာကိုယ်ဝသူ ၁ ဒသမ ၃ သန်း၊ အဝလွန်သူ ၅ ဒသမ ၃ သန်း၊ ဆေးလိပ်သောက်သူ ၆ ဒသမ ၂ သန်း၊ ကွမ်းစားသူ ၁၀ ဒသမ ၃ သန်း၊ အရက်သောက်သူ ၄ ဒသမ ၇ သန်းနှင့် အရက်အလွန်အကျွံသောက်သူ ၂ ဒသမ ၄ သန်းရှိသည်ကို တွေ့ရသည်။ ၎င်းတို့သည် ရောဂါဖြစ်ပွားပြီး အချိန်မတိုင်မီ သေဆုံးနိုင်သူများဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ လူတို့၏ နေထိုင်စားသောက်မှု၊ လူနေမှုဘဝ ပုံစံပြောင်းလဲမှုတို့ကြောင့် သွေးတိုး၊ ဆီးချိုသွေးချို၊ အဝလွန်၊ နှလုံးသွေးကြောပိတ်၊ လေဖြတ်၊ ကင်ဆာ၊ နာတာရှည်အဆုတ်ရောင်ရောဂါတို့နှင့် အခြားကူးစက်ခြင်းကြောင့်မဟုတ်သည့် ရောဂါတို့မှာ တစ်နေ့တခြားတိုးပွားနေပြီး ရောဂါ၏နောက်ဆက်တွဲ ပြဿနာများနှင့် ရောဂါကြောင့် သေဆုံးမှုများမှာ တစ်နေ့တခြား များပြားလာသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့်မညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံများတွင် လှုပ်ရှားသွားလာမှုနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ချို့ယွင်းအားနည်းချက်များထက် ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်များကြောင့် ကျန်းမာရေးထိခိုက်မှုများလာသည်ကို ကြားသိရမည်ဖြစ်သည်။ ဖြစ်ပွားသည့် ရောဂါအများစုမှာ နှလုံးသွေးကြောပိတ်၊ သွေးကြောကျဉ်းရောဂါများနှင့် ကင်ဆာရောဂါများဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို တတ်နိုင်သမျှစားသောက်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော အပြုအမူ လုပ်ကိုင်မှုများပြုလုပ်ရေးတို့ကို နေ့စဉ်မပြတ် အလေးထားဆောင်ရွက်ခြင်းဖြင့် ကျန်းမာသောလူ့ဘဝကို တစ်ဦးချင်းပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ လူ့ဘဝ၏ သက်တမ်းကုန်ဆုံးခြင်းသည် ကံ ကံ၏အကြောင်းကြောင့် ဖြစ်သည်မှန်သော်လည်း လူ့ဘဝကိုသက်တမ်းပြည့်နေထိုင်နိုင်ရန် အတတ်နိုင်ဆုံး သတိပြုနေထိုင်ကျင့်ကြံအားထုတ်သင့်သည်။

သို့ဖြစ်ရာ မိမိ မိသားစုဘဝ၊ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံ၏ဘဝတို့ကို သက်တမ်းစေ့အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာသော နေထိုင်စားသောက်မှုကို သတိမူအားထုတ်သင့်ပါသည်။ ॥

# ဆန်းသစ်တီထွင်တွေးခေါ်ခြင်း၊ အကျိုးရှိထိရောက်သည့်နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

ပြဿနာတစ်ခုကို ဖြေရှင်းဆောင်ရွက်ရာတွင် ချဉ်းကပ်ပုံ ချဉ်းကပ်နည်းများမှာ ယခင်ပုံစံများနှင့် ဖြေရှင်းဆောင်ရွက်၍ မရနိုင်ကြောင်း၊ ကိုင်တွယ်ပုံ ချဉ်းကပ်ပုံများအရ ပြောင်းလဲသင့်သည်များကို လိုအပ်လျှင် လိုအပ်သလို ပြောင်းလဲဆောင်ရွက်မှသာ ဆောင်ရွက်မှုများသည် ထိရောက်အောင်မြင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၅ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ဆန်းသစ်တီထွင်တွေးခေါ်ခြင်း၊ အကျိုးရှိထိရောက်သည့်နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ထိရောက်အောင်မြင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူလူထုကို ကျန်းမာရေး ဝန်ဆောင်မှုပေးမည့် စွမ်းရည်များလည်း မြင့်မားလာမည်ဖြစ်ပြီး ပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

စီမံခန့်ခွဲမှုရှုထောင့်၊ ဆေးပညာဆိုင်ရာကျွမ်းကျင်မှုရှုထောင့်မှ အဘက်ဘက်တွင် ခြုံငုံသုံးသပ်ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ e-government နှင့် ပတ်သက်၍ ထိထိရောက်ရောက် ဆောင်ရွက်ကြစေလိုကြောင်း၊ Guideline နှင့် SOP များကို စနစ်တကျဖြစ်စေလိုကြောင်း၊ ကျန်းမာရေးပညာပေးအစီအစဉ်များ ပြုစုရာတွင် ပေးလိုသည့် အကြောင်းအရာများကို လိုရင်းတိုရှင်းဖြင့် အဓိကအချက်များကိုသာ ထည့်သွင်းအသုံးပြုစေလိုကြောင်း။

ယခုကဲ့သို့ ဆွေးနွေးမှုမျိုးကို ဗဟိုအဆင့်တွင်သာမဟုတ်ဘဲ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်များတွင်လည်း ပြုလုပ်ကာ မိမိတို့ဒေသများအလိုက် ဆောင်ရွက်သင့်သည့် နည်းလမ်းများ ရှာဖွေဖော်ထုတ် ဆောင်ရွက်သွားကြစေလိုကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအား ယခုထက် ပိုမိုကောင်းမွန်သည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်း အကြံဉာဏ်များပေးကာ ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရန်ကုန် ဩဂုတ် ၁၆**

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အင်းစိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြသန်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအုပ်ဝေလွင်က လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရာတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ တစ်ဖွဲ့တည်းဖြင့် ဆောင်ရွက်၍မရနိုင်သောကြောင့် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ လူကုန်ကူးမှုပပျောက်ရေးအတွက် ကာကွယ်ရေးနည်းလမ်းများ၊ လူကုန်ကူးမှုဆိုင်ရာပြစ်မှု ပြစ်ဒဏ်များအကြောင်းတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။



ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်၊ ရပ်ကွက်၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းရာ တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ပြန်လည်ရှင်းလင်းပြောကြားကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**(ဉာဏ်ဟိန်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်(ရွှေဈေး) ၉၁၀၀၀၀ - ၉၁၀၀၀၀    မန္တလေး(ရွှေဈေး) ၉၁၀၀၀၀ - ၉၁၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၅/၆၇၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၅/၇၁၅ ကျပ်၊ | ၇၇၀/၈၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၆၀/၆၈၀ ကျပ်၊ | ၇၀၀/၇၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၅/၆၉၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၂၀/၆၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၀/၆၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၅၀/၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | |
|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၃၆၀. ၀ | | (စ) အိန္ဒိယ | တစ်ရူပီး | = ၂၁. ၂၂၆ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၅၉၇. ၁ | | (ဆ) ဂျပန် | တစ်ရာယန်း | = ၁၂၂၉. ၁ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၃. ၅၇ | | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၉. ၆၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၄၀. ၈၅၉ | | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၁၀၆၅. ၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၁၆. ၇၇ | | (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၉၉၅. ၀၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# နံရံကပ်စာစောင်နှင့် ဓာတ်ပုံများပြပွဲ ကျင်းပ

**အင်းတော် ဩဂုတ် ၁၆**

အင်းတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နိုင်ငံအကျိုးပြုလုပ်ငန်း မှတ်တမ်းဓာတ်ပုံများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းမှတ်တမ်းဓာတ်ပုံများ၊ ရာသီတုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နံရံကပ်စာစောင်များကို ဩဂုတ် ၁၅ ရက်က ကျန်တောဘုန်းတော်ကြီးကျောင်း၌ ပြသရာ ဗုဒ္ဓဘာသာသင်တန်းကျောင်းမှ ရင်သွေးငယ်များ၊ ကျေးရွာပြည်သူများက ကြည့်ရှုခဲ့ကြသည်။ **ကိုမင်း(အင်းတော်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အသစ်တိုးချဲ့ဖွဲ့စည်းသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရုံးသစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းအား အထောက်အကူဖြစ်စေရန်၊ ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသစ်တိုးချဲ့ဖွဲ့စည်းသော ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ရုံးအမှတ် (၁၁) ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်အားပေးသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးခင်မောင်ချို၊ ဦးအုန်းမောင်၊ နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးအဖွဲ့ဝင်များ၊ လွှတ်တော်ရေးရာကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သတင်းမီဒီယာအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အစိုးရ၏မူဝါဒဖြစ်သော ပြည်သူ့မျက်နှာမူ၍ ဆောင်ရွက်သည့် လုပ်ငန်းများတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးသည် အလွန်အရေးပါကြောင်း၊ ပြည်ထောင်စုမှ စီမံခန့်ခွဲသော လမ်း၊ တိုင်းဒေသကြီး/ပြည်နယ်မှ စီမံခန့်ခွဲသောလမ်း၊ ကျေးလက်လမ်းဟူ၍ လမ်းအမျိုးအစားများရှိရာ ကျေးလက်လမ်း (ကျေးရွာကုန်ထုတ်လမ်း)၊ ကျေးရွာချင်းဆက်လမ်းတို့မှာ ကီလိုမီတာတစ်သိန်းနီးပါး ရှိပါကြောင်း။

Expressway Arterial Road တို့ကို Rural Road ဖြင့် ဆက်စပ်နိုင်ရေးအတွက် ယခု အသစ်ဖွဲ့စည်းလိုက်သော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီမံခန့်ခွဲရေး၊ နိုင်ငံတော်လုံခြုံရေးစသည့် ကိစ္စတို့ဆောင်ရွက်ရသော Functional ဌာနတစ်ခုလည်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ National Master Plan၊ Integrated Plan တို့ကို စီမံဆောင်ရွက်ရာမှာ လမ်းလုပ်ငန်းတွေကို Umbrella တစ်ခုတည်းလက်အောက်တွင် ထားရှိဆောင်ရွက်ပါက ပိုမိုထိရောက်အကျိုးရှိမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ Export ကို ကြည့်မည်ဆိုလျှင်လည်း ကျေးလက်ထုတ်ကုန်များက ၉၆ ရာခိုင်နှုန်းရှိပြီး Export လုပ်နိုင်ရန်အတွက် ကျေးလက်ကုန်ထုတ်လမ်းမှတစ်ဆင့် သယ်ယူပို့ဆောင်ရေးလမ်းမကြီးတွေကို ရောက်ရှိရန် အမြန်ဆုံး၊ ဈေးအသက်သာဆုံးဖြင့် ပို့ဆောင်ပေးနိုင်မှာ ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် Transportation Cost သက်သာရေးအတွက် ကျေးလက်လမ်းတွေက လွန်စွာအရေးကြီးပါကြောင်း။

ယခုဖွဲ့စည်းသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှာ ကျေးလက်နေပြည်သူတို့၏ လိုအပ်ချက်ကို ကြိုတင်မြော်တွေးကာ ကြိုတင်စီမံဆောင်ရွက်ပြီး လုပ်ငန်းပမာဏအရ လိုအပ်သည့် ငွေကြေးပမာဏကို စနစ်တကျ ပွင့်လင်းမြင်သာစွာသုံးစွဲပြီး တိုင်းဒေသကြီး/ပြည်နယ် တစ်ခုချင်းစီအလိုက် Pilot Project တစ်ခုစီရွေးချယ်၍ အောင်မြင်အောင် ဆောင်ရွက်သွားရန် ရည်မှန်းထားပါကြောင်းနှင့်



ပြည်သူများနှင့် နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိမည့်ဌာနဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအတွက်သာမက မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးမျက်နှာစာတွင် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်လိုက်သောနေ့လည်းဖြစ်သည့်အတွက် မင်္ဂလာရှိသောနေ့တစ်နေ့ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် တစ်နိုင်ငံလုံးရှိ လမ်း၊ တံတား၊ အဆောက်အအုံများ ပြည်သူတွေနေထိုင်ရေး အဆင်ပြေစေရေးအတွက် လုပ်ငန်းစဉ်တွေကို ပြည်သူနှင့်အတူ ဆောင်ရွက်ပေးလျက်ရှိနေသည်ကို တွေ့မြင်ရပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နဂိုရှိပြီး ကျွမ်းကျင်တတ်မြောက်ထားသည့် အင်ဂျင်နီယာအတတ်ပညာဖြင့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းတွေကို ပေါင်းစပ်ဆောင်ရွက်လိုက်ခြင်းဖြင့် ကျေးလက်နေပြည်သူများသည် ယခုထက်ပိုပြီး လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ယနေ့နိုင်ငံတော်အပိုင်းတွင်လည်း ပြည်သူများဘဝ ငြိမ်းငြိမ်းချမ်းချမ်းနှင့် သာယာချမ်းမြေ့စေရန် အစိုးရအဖွဲ့နှင့် လွှတ်တော်အသီးသီးက အမြဲမပြတ်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ အစိုးရကဏ္ဍ၊ လွှတ်တော်ကဏ္ဍ၊ ပြည်သူများကဏ္ဍ စသည်ဖြင့် အပိုင်းလိုက်ကဏ္ဍအလိုက် ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ တက်ညီလက်ညီ ဆောင်ရွက်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများဘဝငြိမ်းချမ်းသာယာဝပြောလာမည် ဖြစ်ပါကြောင်း။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်ပေးမည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လုပ်ငန်းစဉ်များမှာ ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ပြည်သူနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ယခုကဲ့သို့ မွန်မြတ်သော တာဝန်များကို ထမ်းဆောင်မည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်သက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဖွဲ့စည်းပုံနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက GIS နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr . HONG LIANG က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရုံးအသစ်ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပေးအပ်ပြီး **(အပေါ်ပုံ)** အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းမီဒီယာများ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ယခင်က အဆောက်အအုံဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့ဖြင့် ဦးစီးဌာနလေးခု ဖွဲ့စည်းပြီး လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ပြအိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ဖွင့်လှစ်သည့် အသစ်ဖွဲ့စည်းခဲ့သော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ကျေးလက်လမ်း၊ တံတားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ ရောက်ရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်ကို အသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ရေး၊ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းအား အထောက်အကူဖြစ်ရေးတို့ကို မဟာဗျူဟာ ရည်မှန်းချက်ထား ဆောင်ရွက်မည် ဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်ရှိ ကျေးလက်လမ်းများမှာ ကတ္တရာ/ကွန်ကရစ်လမ်း ၃၀၁၆ မိုင် ခြောက်ဖာလုံ (၆ ရာခိုင်နှုန်း)၊ ကျောက်လမ်း ဂဝံ/ဂျင်းလမ်း(၁၂၀၇၅) မိုင် ခြောက်ဖာလုံ (၂၄ ရာခိုင်နှုန်း) နှင့် မြေသားလမ်း ဂျစ်ကား/ဆိုင်ကယ်/လှည်း/လူသွားလမ်း ၃၅၇၈၁ မိုင် သုံးဖာလုံ (၇၀ ရာခိုင်နှုန်း) စုစုပေါင်း ၅၀၈၇၄ မိုင် သုံးဖာလုံ (၁၀၀ ရာခိုင်နှုန်း) ရှိသည်။ တံတားများအနေဖြင့် ကွန်ကရစ်တံတား ၅၅၁၃ စင်း၊ သစ်သားတံတား ၆၇၅၁ စင်း၊ ရေကျော် ၁၀၅၄ စင်း၊ Box Culvert ၁၀၇၀၀ စင်း၊ ကြိုးတံတား ၁၁၇ စင်း၊ ဘေလီတံတား ၁၈ စင်းနှင့် အခြား ၈၈ စင်း စုစုပေါင်း ၂၄၂၄၁ စင်းရှိသည်။

၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး (၈၀ ရာခိုင်နှုန်း)နှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ (၉၀ ရာခိုင်နှုန်း)အပေါ် ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန် နှစ်စဉ်ရည်မှန်းချက်ထားရှိပြီး အဆင့်မြင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားကျင်းပရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၁၆**

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ (International Day of Democracy 2017) အခမ်းအနားကျင်းပရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် (D) ဆောင် (ပထမထပ်) ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျင်းပရေး ဦးစီးကော်မတီ နာယကများဖြစ်ကြသည့် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဦးစီးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းနှင့် ကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးစီးကော်မတီ နာယကများက အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီ အသီးသီးမှ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကျင်းပရေး၊ စာတမ်းဖတ်ပွဲကျင်းပရေး၊ အခြေခံပညာအဆင့်လွှတ်တော်ဆိုင်ရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရေး၊ လုံခြုံရေးတို့နှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**✳ ရှေ့ဖုံးမှ**

ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ထို့အတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် အဆိုပါမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

# ဆီရာလီယွန်တွင် ရွှံ့မြေပြိုကျမှုကြောင့် သေဆုံးသူ ၄၀၀ နီးပါး၏ ရုပ်အလောင်းများ တွေ့ရှိ

**ဖရီးတောင်း ဩဂုတ် ၁၆**

ဆီရာလီယွန်နိုင်ငံ မြို့တော် ဖရီးတောင်း၏ ဆင်ခြေဖုံးဒေသတွင် ရွှံ့မြေပြိုကျမှုကြောင့် သေဆုံးခဲ့ရသူ လူပေါင်း ၄၀၀ ခန့်၏ ရုပ်အလောင်းများကို ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေတွေ့ရှိခဲ့ရကြောင်း သေမှုသေခင်းဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူးချုပ်က ဩဂုတ် ၁၅ ရက်တွင် ပြောကြားသည်။

ဩဂုတ် ၁၅ ရက် နံနက်က ရီဂျင့်မြို့၏ တောင်စောင်းဒေသတွင် လူနေအိမ်ခြေ ဒါဇင်ပေါင်းများစွာပေါ်သို့ ရွှံ့မြေပြိုကျမှု ဖြစ်ပွားခဲ့သည်။ ယင်းသဘာဝဘေးအန္တရာယ်ကျရောက်မှုဖြစ်စဉ်သည် အာဖရိကတိုက်၌ မကြာသေးမီနှစ်များအတွင်း ဖြစ်ပွားခဲ့ဖူးသမျှ သဘာဝဘေးအန္တရာယ်ကျရောက်မှုများအနက် လူအသေအပျောက် အများဆုံးဖြစ်ရပ်ဖြစ်သည်။

ဆီရာလီယွန် သမ္မတ ဟာနက်စ် ဘိုင်ကိုရိုမာက သဘာဝဘေးဒဏ်သင့်သည့် ရီဂျင့်မြို့ဒေသခံများနှင့် အခြားရေလွှမ်းမိုးခဲ့ရသည့် မြို့တော်ဖရီးတောင်းဝန်းကျင်ဒေသမှ ပြည်သူများအား ဘေးလွတ်ရာသို့ အလျင်အမြန်ရွှေ့ပြောင်းကြရန် တိုက်တွန်းခဲ့သည်။ ဆီရာလီယွန်တပ်မတော်နှင့် ကယ်ဆယ်ရေးအဖွဲ့များက အသက်ရှင်ကျန်ရစ်သူများကို တွေ့ရှိနိုင်ရန် ဆက်လက်ရှာဖွေလျက်ရှိကြသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြောင်း၊ သေဆုံးသူဦးရေ ၅၀၀ ကျော်ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်း သေမှုသေခင်းဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူးချုပ် ဆန်နယ်ဒမ်ဘူရာက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ရွှံ့မြေပြိုကျမှုကြောင့် ပျောက်ဆုံးနေသူဦးရေ ရာပေါင်းများစွာရှိနိုင်ကြောင်း ကယ်ဆယ်ရေးလုပ်ငန်းအေဂျင်စီများက ပြောကြားကြသည်။ **ရိုက်တာ။**



# ဟိမဝန္တာတောင်တန်းအနောက်ပိုင်းနယ်မြေတစ်နေရာတွင် အိန္ဒိယနှင့် တရုတ်တပ်ဖွဲ့ဝင်များအကြား အငြင်းအခုံဖြစ်ပွားခဲ့

**နယူးဒေလီ ဩဂုတ် ၁၆**

အိန္ဒိယနှင့်တရုတ် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင်များသည် ဟိမဝန္တာတောင်တန်း အနောက်ပိုင်းရှိ ပိုင်နက်နယ်မြေ အငြင်းပွားမှုရှိနေသော နယ်မြေတစ်နေရာတွင် အော်ကျယ်ဟစ်ကျယ် အငြင်းအခုံဖြစ်ပွားခဲ့ကြကြောင်း အိန္ဒိယသတင်းရပ်ကွက်က ပြောကြားသည်။

နှစ်နိုင်ငံ တပ်ဖွဲ့ဝင်များအကြား နှစ်လကြာမျှ စစ်ရေးတင်းမာမှုရှိနေချိန်တွင် ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ပန်ကုန်းရေအိုင်ကြီးအနီး လာဒက်ဒေသရှိ အိန္ဒိယပိုင်နက်နယ်မြေအတွင်းသို့ တရုတ်စစ်သည်တစ်စုဝင်ရောက်ရန် ကြိုးပမ်းမှုကို အိန္ဒိယစစ်သည်များက ဟန့်တားခဲ့ရာမှ တစ်ခဏကြာမျှ ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း နယ်စပ်ဒေသ စစ်ဘက်ဆိုင်ရာအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုပြုလုပ်ခဲ့ပြီးနောက် အိန္ဒိယသတင်းရပ်ကွက်က ပြောကြားသည်။



သာယာလှပသည့် တောင်တန်းဒေသတစ်နေရာဖြစ်သော လာဒက်ဒေသရှိ ကမ္ဘာလှည့်ခရီးသည်များလာရောက်လည်ပတ်လေ့ရှိရာ ပန်ကုန်းရေအိုင်ကြီးအနီးတွင် တရုတ်စစ်သည်များက အိန္ဒိယစစ်သည်များကို ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့သည်ဟု အိန္ဒိယကာကွယ်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ တရုတ်စစ်သည်အချို့သည် သံတုတ်များနှင့် ကျောက်ခဲများကို သယ်ဆောင်လာခဲ့ကြောင်း၊ နှစ်ဖက်တပ်ဖွဲ့ဝင်များအကြား ရုတ်ရုတ်သဲသဲ လုံးလားထွေးလားဖြစ်ခဲ့ကြပြီး နှစ်ဖက်တပ်ဖွဲ့ဝင်များ ဒဏ်ရာအနည်းအကျဉ်းရရှိခဲ့ကြကြောင်း အိန္ဒိယသတင်းရပ်ကွက်က ပြောကြားသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အိန္ဒိယတပ်မတော်က မှတ်ချက်ပေးပြောဆိုရန် ငြင်းဆိုသည်။

ပန်ကုန်းရေအိုင်ကြီးအနီး နှစ်ဖက်တပ်ဖွဲ့ဝင်များအကြား အော်ကြီးဟစ်ကျယ် အငြင်းအခုံဖြစ်ပွားခဲ့ကြောင်း ဆရီနာဂါမြို့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ဆရီနာဂါသည် အိန္ဒိယနိုင်ငံ ဂျမူးရ်နှင့် ကက်ရှ်မီးယားပြည်နယ်၏ မြို့တော်ဖြစ်သည်။

ပန်ကုန်းရေအိုင်ကြီး ဧရိယာအတွင်းသို့ တရုတ်ကြည်းတပ်မှ တပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်ခဲ့မှုကြောင့် အငြင်းအခုံဖြစ်ပွားရခြင်းဖြစ်ကြောင်း ဆရီနာဂါရှိကြည်းတပ်သတင်းရပ်ကွက်က ပြောကြားသည်။

အိန္ဒိယနှင့်တရုတ် တပ်ဖွဲ့များသည် နှစ်နိုင်ငံတောင်ပေါ်နယ်စပ်ဒေသရှိ ဒေါ့ခလမ်ကုန်းမြင့်ဒေသ၌ စစ်ရေးအရ တင်းမာနေဆဲအချိန်တွင် ယင်းဖြစ်စဉ်ပေါ်ပေါက်ခဲ့သည်ဆို၏။ **ရိုက်တာ။**

# ဗီယက်နမ်၌ မူးယစ်ဆေးဝါးဂိုဏ်းသားများကို သေဒဏ်နှင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်များချမှတ်

**ဟိုချီမင်းစီးတီး ဩဂုတ် ၁၆**

ဗီယက်နမ်နိုင်ငံ၌ ပြည်နယ်ဖြတ်ကျော်လှုပ်ရှားနေသည့် မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းတစ်ဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သူ အမျိုးသားတစ်ဦးကို တရားရုံးတော်က သေဒဏ်စီရင်ချက်ချမှတ်ခဲ့ပြီး ၎င်း၏ လက်ထောက်များအနက် သုံးဦးကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းစီ ပြစ်ဒဏ်စီရင်ချက် ချမှတ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဘင်တုန်းပြည်နယ်တရားရုံးသည် ဩဂုတ် ၁၅ ရက်တွင် သွာသိန်ဟွေးပြည်နယ်အလယ်ပိုင်းမှ အသက် (၃၄) နှစ်အရွယ်ရှိ ဒိုကျောက်လိုင်ကို သေဒဏ်စီရင်ချက်ချမှတ်ခဲ့ပြီး ဘင်တုန်းပြည်နယ်အလယ်ပိုင်း၊ အင်ကွေးပြည်နယ်တောင်ပိုင်းနှင့် ဟိုချီမင်းမြို့တို့မှ အမျိုးသားသုံးဦးကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းစီ ကျခံစေရန် ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ကြောင်း လူငယ်အမည်ရှိ သတင်းစာက ဖော်ပြသည်။

၎င်းတို့ကို ၂၀၁၅ ခုနှစ်တွင် ဖမ်းဆီးခဲ့သည်။ ဒိုကျောက်လိုင်နှင့် အပေါင်းအပါများသည် နိုင်ငံမြောက်ပိုင်း ဟိုင်ပေါင်းမြို့မှ တောင်ပိုင်းပြည်နယ်တစ်ခုသို့ မူးယစ်ဆေးဝါး ခုနစ်ကီလိုဂရမ်ကို ပို့ဆောင်ခဲ့ကြောင်း၊ သေနတ်သုံးလက်ကိုလည်း တရားမဝင် လက်ဝယ်ကိုင်ဆောင်ခဲ့ကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။

ဗီယက်နမ်ဥပဒေအရ ဘိန်းဖြူ ဂရမ် ၆၀၀ အထက် (သို့မဟုတ်) မီသမ်ဖက်တမင်း ၂ ဒသမ ၅ ကီလိုဂရမ်နှင့်အထက် မှောင်ခိုရောင်းဝယ်ပါက သေဒဏ်စီရင်ချက်ချမှတ်ခံရမည်ဟု ဖော်ပြထားသည်။ ဘိန်းဖြူ ၁၀၀ ဂရမ် (သို့မဟုတ်)အခြား တရားမဝင် မူးယစ်ဆေးဝါး ဂရမ် ၃၀၀ ကို ထုတ်လုပ်ခြင်း (သို့မဟုတ်) ရောင်းဝယ်ခြင်းပြုလုပ်ပါက သေဒဏ်စီရင်ချက်ချမှတ်ရန်လည်း ဥပဒေစည်းမျဉ်းသတ်မှတ်ထားသည်။ **ဆင်ဟွာ။**

# နိုင်ဂျီးရီးယားနိုင်ငံ မာဒူဂူရီမြို့တွင် အသေခံဗုံးပေါက်ကွဲ၊ လူ ၂၇ ဦးသေဆုံး

**မာဒူဂူရီ (နိုင်ဂျီးရီးယား) ဩဂုတ် ၁၆**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း မာဒူဂူရီမြို့၏ ဈေးတစ်နေရာအပါအဝင် ဒုက္ခသည်စခန်းတစ်ခု၏ ဂိတ်ပေါက် သုံးနေရာတွင် ဗုံးများခန္ဓာကိုယ်အနှံ့အပြားတပ်ဆင်ထားသော အမျိုးသမီးသုံးဦးသည် အသေခံဗုံးခွဲခဲ့ရာ ၂၇ ဦးခန့် သေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

အဆိုပါအသေခံဗုံးခွဲတိုက်ခိုက်မှုသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ သစ္စာခံဖြစ်သော ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့၏ လုပ်ရပ်ဖြစ်သည်ဟု ထင်မြင်ယူဆကြသည်။

နေရာသုံးနေရာတွင် ဗုံးကွဲမှုများကြောင့် လူပေါင်း ၈၃ ဦးကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။

အဆိုပါဗုံးခွဲမှုများ၏ နောက်ကွယ်တွင် မာဒူဂူရီမြို့ကို ခြေကုပ်ယူထားသည့် ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့၏ ကျူးလွန်မှုဖြစ်သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

မကြာသေးမီနှစ်များကစပြီး အိုင်အက်စ်စစ်သွေးကြွအဖွဲ့အား သစ္စာခံထားသည့် ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့နှင့် အစိုးရအဖွဲ့တို့အကြား မကြာခဏတိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။

ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့က လူစည်ကားသောနေရာများတွင် အမျိုးသမီးများနှင့် ကလေးငယ်များကို အသုံးချကာ အရပ်သားများအား ပစ်မှတ်ထားပြီး အစိုးရအဖွဲ့အား လက်တုံ့ပြန်သည့်အနေဖြင့် အသေခံဗုံးများဖောက်ခွဲလျက်ရှိသည်။

မာဒူဂူရီမြို့တွင် လုံခြုံရေးအခြေအနေစိုးရိမ်နေရသည့်အပြင် အချို့ဒေသများတွင် လယ်ယာမြေများဖျက်ဆီးခံခဲ့ရသည့်အတွက် ပြည်သူများအနေဖြင့် အစာရေစာပြတ်လပ်မှုနှင့်ပါ ရင်ဆိုင်နေရသည်ဟု ကုလသမဂ္ဂအဖွဲ့က ဆိုသည်။

နိုင်ဂျီးရီးယားပြည်သူများအား ကူညီထောက်ပံ့မှုများပေးရန် ကုလသမဂ္ဂအဖွဲ့က နိုင်ငံတကာအဖွဲ့အစည်းများအား အကူအညီတောင်းခံထားသည်။ **အင်န်အိတ်ချ်ကေ။**



## လွှတ်တော်ရေးရာ

**ရှေ့ဖုံးမှ** ✻

ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးတွင် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏ **EIA/ SIA/ HIA / EMP ကို လုံးဝဆောင်ရွက်ခြင်းမရှိဘဲ သစ်တောကြိုးဝိုင်းအတွင်းရှိ အပင်များကို ခုတ်ထွင်ရှင်းလင်းပြီး ရှင်းလင်းဆောင်နှင့် အဆောက်အအုံပေါင်းများစွာ ဆောက်လုပ်ပြီးစီးနေမှုသည် မည်သည့်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပြီး မည်သူ့တွင် တာဝန်ရှိနေခြင်းနှင့် မည်သို့အရေးယူဆောင်ရွက်ပေးမည်၊ ဤကိစ္စရပ်အပေါ် တရားဝင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပြည်နယ်အစိုးရ၏ ပါဝင်စီမံခန့်ခွဲထားမှုအခြေအနေကိုသိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာထွန်းနိုင်က Natural Current ကုမ္ပဏီက အဆောက်အအုံများ ဆောက်လုပ်ထားခြင်းနှင့်ပတ်သက်၍ စိစစ်ချက်အရ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် မြေနေရာရှင်းလင်းခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်းများကို သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ရယူဆောင်ရွက်မှုမရှိသည်ကို တွေ့ရှိရပါကြောင်း။

ကုမ္ပဏီအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ မူလတင်ပြခဲ့သည့် လမ်းအူကြောင်းမှ သွေဖည်၍ ချောင်းဆာကြိုးဝိုင်းအတွင်း အကျယ်ပေ ၄၀၊ အရှည် နှစ်မိုင်ခွဲခန့်ရှိ လမ်းသစ်ဖောက်လုပ်ခဲ့ပါကြောင်း၊ ဝန်ထမ်းများအတွက် အုပ်ညှပ်၊ သွပ်မိုးအဆောက်အအုံ ၁၀ လုံးနှင့် လုပ်သားများနေထိုင်ရန် ယာယီတဲ ၁၃ လုံးကို ကြိုးဝိုင်းအတွင်းရှိ သစ်တောများ ခုတ်ထွင်ရှင်းလင်းပြီး တည်ဆောက်ထားသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် Natural Current ကုမ္ပဏီတွင်သာ တာဝန်ရှိပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ကုမ္ပဏီအား စာဖြင့်သတိပေးအကြောင်းကြားခဲ့ပါကြောင်း။

Natural Current Energy Hydropower ကုမ္ပဏီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအတွင်းခွင့်ပြုချက်မရရှိဘဲ သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းတို့ကြောင့် သစ်တောဥပဒေအရ အရေးယူခြင်းကို သီပေါမြို့နယ်တရားရုံးတွင် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **မြန်မာနိုင်ငံတွင် နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ (၁၂)လ ကာလအတွင်း လျှပ်စစ်မပြတ်တောက်စေရန် လျှပ်စစ်ထုတ်လုပ်ရေးအပိုင်းတွင် Generation Mix Plan အား မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်



ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်



ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က တည်ငြိမ်သည့် ဓာတ်အားပေးစနစ်ကို ရရှိရန်အတွက် ၂၄ နာရီ တစ်နှစ်ပတ်လုံးစဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ်နိုင်သည့်(Base Load Generation)ဓာတ်အားပေးစက်များကို အဓိကထား၍ တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အရန်ဓာတ်အားပေးစက်များကိုလည်း လုံလောက်အောင် တည်ဆောက်ထားရန်လိုအပ်ပါကြောင်း၊ ရာသီဥတုအခြေအနေအရ ပြောင်းလဲလိုအပ်သည့် လျှပ်စစ်ပမာဏကို ဖြည့်ဆည်းပေးနိုင်ရန် စွမ်းအင်အရင်းအမြစ်မျိုးစုံကို အချိုးကျ အသုံးပြုပြီး လျှပ်စစ်ထုတ်လုပ်သည့်နည်း Generation Mix ကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် ရေအားလျှပ်စစ်စက်ရုံ ၂၉ ရုံ၊ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ ၁၄ ရုံနှင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တစ်ရုံတို့ဖြင့် Generation Mix ကို ပေါင်းစပ်ပြီး ဓာတ်အားထုတ်လုပ်လျက်ရှိပါကြောင်း၊ နွေရာသီဓာတ်အားမလုံလောက်မှုကို ကျော်လွှားရန်နှင့် နှစ်စဉ်တိုးတက်လာသော ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းရန် အမျိုးသားလျှပ်စစ်ဓာတ်အားပင်မစီမံချက်ကို ရေးဆွဲခဲ့ပါကြောင်း။

အနာဂတ်ကာလတွင် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု (Generation Mix ) သည် နိုင်ငံတကာတွင်ရှိသည့် တည်ငြိမ်စိတ်ချရသော၊ ၂၄ နာရီ တစ်နှစ်ပတ်လုံး ကောင်းမွန်စွာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်သည့် Generation Mix များ ဖြစ်ပေါ်လာရေးအတွက် ရည်ရွယ်ပြီး ရေအားလျှပ်စစ်မှ ၃၈ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်မှ ၂၀ ရာခိုင်နှုန်း၊ ကျောက်မီးသွေးလောင်စာသုံးလျှပ်စစ်မှ ၃၃ ရာခိုင်နှုန်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးလျှပ်စစ်မှ ကိုးရာခိုင်နှုန်းကို အချိုးကျ မျှတပါဝင်အောင် ရေးဆွဲဆောင်ရွက်ထားပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို့နှင့် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေတို့၏ မိုးကြိုးဆာဖျူရစ်အက်စစ်စက်ရုံ ပြောင်းရွှေ့ပေးရေး၊ လှိုင်မြို့နယ်အားကစားရုံ ပြည်သူများအသုံးပြုခွင့်ရရှိရေးနှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာမေးခွန်းများကိုလည်း ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းက **နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသတွင် လျှပ်စစ်မီးရရှိရန်အတွက် ကျေးလက်မီးလင်းရေးကော်မတီ ဖွဲ့စည်းထားမှုအပေါ် ဖျက်သိမ်းပြီး လျှပ်စစ်မီးနှင့်ပတ်သက်သော ကိစ္စရပ်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်သို့ ပြန်လည်ထားရှိရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ လွှတ်တော်က ယင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းကြရန် လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

အဆိုတင်သွင်းရာတွင် ဒေါ်မိကွန်ချမ်းက ကျေးလက်ပြည်သူများသည် လျှပ်စစ်မီးရလိုသောကြောင့် မတန်တဆငွေပေးပြီး ကျေးလက်မီးလင်းရေးကော်မတီကို အားကိုးတကြီးပုံအပ်ခဲ့ရပါကြောင်း၊ မီးလင်းရေးကော်မတီအဖွဲ့၏ မတရားလုပ်ဆောင်နေမှုကို သိသော်လည်း အဆင့်ဆင့်အရေးယူဆောင်ရွက်ရန် လျစ်လျူရှုနေသည့်အတွက် ပြည်သူများ စိတ်သောကရောက်ခဲ့ရပါကြောင်း၊ မီးလင်းရေးကော်မတီများသည် လျှပ်စစ်ပညာရှင်များနှင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းမဟုတ်ပါကြောင်း၊ ပြည်သူများအနေဖြင့် ကျေးလက်မီးလင်းရေးကော်မတီ၏ ငွေအလွဲသုံးစားပြုလုပ်နေမှုကို ပြတ်ပြတ်သားသား အရေးယူစေလိုကြပါကြောင်း၊ မီးလင်းရေးကော်မတီက လက်လွတ်စပယ် အလွဲသုံးစား ပြည်သူအပေါ် လုပ်ဆောင်နေခြင်းသည် သက်ဆိုင်ရာနိုင်ငံတော်အဖွဲ့အစည်းကို မထီမဲ့မြင်ပြုပြီး ဥပဒေကို မလေးမစားလုပ်နေသည်ဟု မြင်မိပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းအနေဖြင့် သေချာစွာစိစစ်ပေးကာ ငွေကြေးများရှင်းလင်းစေပြီးမှ ကျေးလက်ဒေသမီးလင်းရေးကော်မတီကို ဖျက်သိမ်းပါရန် တိုက်တွန်းပါကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

**ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

**လုပ်ငန်းလိုအပ်ချက်မှ** ❖

ကျန်ဝန်ကြီးဌာနများတွင် ခွင့်ပြုဝန်ထမ်းအင်အား၏ သုံးပုံနှစ်ပုံကိုသာ ခန့်ထားဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာ၌ ခန့်ထားလိုသည့် ဝန်ထမ်းအင်အားသည် သတ်မှတ်ဖွဲ့စည်းပုံဘောင်အတွင်းရှိ၊ မရှိ နှင့် ခန့်ထားမည့် ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုလစာနှင့် စရိတ်လုံလောက်မှု ရှိ၊ မရှိတို့ကို စိစစ်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနတို့၏ သဘောထားမှတ်ချက်များ ညှိနှိုင်းရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်လျက်ရှိပါကြောင်း။

ဘွဲ့ရနေ့စားလပေး(ယာယီ) ဝန်ထမ်းများ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး (အဝေးသင် တက္ကသိုလ်ဖြေနေဆဲ) နေ့စားလပေး(ယာယီ)ဝန်ထမ်းများအား လုပ်သက်နှစ်ကာလကြာရှည်နေသော်လည်း စတင်ခန့်ဝင်ပေါက်ရာထူးအတွက် သတ်မှတ်ထားရှိသည့် အရည်အချင်းများနှင့် ကိုက်ညီမှုရှိမှသာ အမြဲတမ်းဝန်ထမ်းအဖြစ် ဦးစားပေးခန့်အပ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ နေ့စားလပေးဝန်ထမ်းအဖြစ် ခန့်ထားခံရခြင်း မရှိသော်လည်း စတင်ခန့်ရာထူးတွင် သတ်မှတ်ချက်နှင့် ညီညွတ်ပါက ဘွဲ့ရရှိပြီးသူများနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး (အဝေးသင်တက္ကသိုလ်ဖြေနေဆဲ)သူများပါလျှောက်ထားဖြေဆို၍ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဆိုပြုသည့်အတိုင်း ယာယီနေ့စားဝန်ထမ်းများအား ကာလကန့်သတ်ချက်ဖြင့် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားနိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ “ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုချက်ရရှိပါက ဌာန၏ လုပ်ငန်းလိုအပ်ချက်နှင့် ရာထူးနေရာလစ်လပ်မှုအပေါ် မူတည်၍ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် လုပ်ငန်းစွမ်းဆောင်ရည်ရှိသော ယာယီနေ့စားများကို ဦးစားပေး၍ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားခြင်းဖြစ်ပါသဖြင့် အချိန်ကာလသတ်မှတ်၍ ခန့်ထားရန်မဖြစ်နိုင်ပါကြောင်း” ဖြေကြားချက်များ ပေးပို့ခဲ့ကြပါကြောင်း။

ထို့ကြောင့် ဌာနဆိုင်ရာ အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဘွဲ့ရနေ့စားလပေး (ယာယီ) ဝန်ထမ်းများအား ခြောက်လပြည့်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ပေးရန် နှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး (အဝေးသင် တက္ကသိုလ်ဖြေနေဆဲ) နေ့စားလပေး(ယာယီ) ဝန်ထမ်းများအား တစ်နှစ်ခွဲပြည့်ပါက အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။



တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးစိုးရွှေ



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးရဲထွဋ်



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝေစိန်အောင်

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေး၏ **ဟားခါးမြို့နယ် သီနမ်းကျေးရွာအုပ်စု သီနမ်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက သီနမ်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသည် ဟားခါးမြို့နယ်ဆေးရုံကြီးနှင့် ၃၆ မိုင်၊ ဖိုခွားကျေးလက်ကျန်းမာရေးဌာနနှင့် ၁၅ မိုင် ကွာဝေးပါကြောင်း၊ ထို့ကြောင့် သီနမ်းကျေးလက်ကျန်းမာရေးဌာနခွဲအား အဆင့်တိုးမြှင့်ပေးရန် ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံတင်ပြထားပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထို့ပြင် စံကိုက်အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ငွေလုံးငွေရင်းမှ ဆောက်လုပ်ပေးနိုင်ရန် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်နှင့် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာမျိုးအောင်က လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

အဆိုပါ **ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းက ထောက်ခံဆွေးနွေး၍ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦးနှင့် ဗိုလ်မှူးကြီး စိုးရွှေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်တို့က အကြံပြုဆွေးနွေးကြသည်။

**ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်က** အဆိုပါ ဒေသများတွင် နေထိုင်ကြသူများသည် တစ်လင်တစ်မယားစနစ်ကို မကျင့်သုံးခြင်း၊ မွေးဖွားနှုန်းမြင့်မားခြင်းနှင့် အစိုးရ၏လူဝင်လူထွက်ကွပ်ကဲမှု အားနည်းခြင်းတို့ကြောင့် နှစ်ပေါင်း ၇၀ ခန့်အတွင်း လူဦးရေသိန်းဂဏန်းအထိ များပြားလာပါကြောင်း။

ခေတ်အဆက်ဆက် အကြမ်းဖက်အဖွဲ့များသည် ရခိုင်ကျေးရွာများအား မီးရှို့ခြင်းနှင့် ကျေးလက်ပြည်သူများကို သတ်ဖြတ်ခဲ့ကြပါကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မောင်တောမြို့နယ်ရှိ ရခိုင်ကျေးရွာ ၂၀၀ ကျော် မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ယခုအခါ ရခိုင်များနေထိုင်သည့် ရွာများသည် မောင်တောနယ်၌ ဆယ်ဂဏန်းခန့်သာ ကျန်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်သူများ အသက်အန္တရာယ်ဆုံးရှုံးရခြင်းနှင့် နိုင်ငံအချုပ်အခြာအာဏာ ထိခိုက်ခြင်းတို့ကို လွှတ်တော်မှ မှတ်တမ်းတင်သိမ်းထားရန်ထက် အတည်ပြုဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း စသည်ဖြင့် ထောက်ခံဆွေးနွေးသည်။

**တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး**က မောင်တောဒေသ၌ ယခုတိုက်ခိုက်နေသည့်အဖွဲ့အား အမျိုးသားလွှတ်တော်မှ အကြမ်းဖက်သမားများအဖြစ် သတ်မှတ်ပေးရန်တင်ပြပါကြောင်း၊ အစိုးရနှင့် လွှတ်တော်တို့မှ အကြမ်းဖက်အဖွဲ့ဟု သတ်မှတ်ပေးခြင်းဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ လူ့အခွင့်အရေး ဗန်းပြပြီး ထောက်ပံ့နေသည့် အကူအညီများ၊ မီဒီယာမှ ဝါဒဖြန့်စည်းရုံးခြင်းများ ရပ်တန့်သွားမည်ဖြစ်ပြီး အကြမ်းဖက်ဥပဒေအရလည်း အရေးယူဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

ထောက်ပံ့ကူညီမှုများတွင် အချို့ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် INGO များပါဝင်နေခြင်း၊ နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်စပ်နေခြင်းတို့ကြောင့် အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်မှသာ နိုင်ငံတကာမှ အကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့များ၏ အကူအညီရရှိနိုင်သည့်အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြအစီရင်ခံခြင်းဖြင့် အကြမ်းဖက်အဖွဲ့အစည်းများအား အားပေးကူညီမှုများကိုထိရောက်စွာ တားဆီးနိုင်မည်ဖြစ်ပါကြောင်း စသည်ဖြင့် အဆိုအား ထောက်ခံဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး(၄၅)ရက်မြောက်နေ့ကို ဩဂုတ် ၁၈ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မီမီဖြိုး(သတင်းစဉ်)**

# လျှပ်စစ်ဓာတ်အားကို စီမံခန့်ခွဲခြင်း

**ဦးကြည်သာ(ဂွ)**

ရူပဗေဒပညာရှင် မိုက်ကယ်ဖရာဒေး (Michael Faraday)နဲ့ စွန့်ဦးတီထွင်ပညာရှင် သောမတ်အယ်ဒီဆင် (Thomas Edison) တို့ရဲ့ကျေးဇူးကြောင့် လူသားတွေ လျှပ်စစ်ဓာတ်အားကို အသုံးပြုလာခဲ့တာ ရာစုနှစ်တစ်ခု ကျော်ခဲ့ပါပြီ။ ဒီနေ့လျှပ်စစ်ဓာတ်အားဆိုတာ လူသား တွေရဲ့ အခြေခံလိုအပ်ချက်အဖြစ် ရပ်တည်လျက်ရှိ တာမို့ လျှပ်စစ်မရှိရင် နေရထိုင်ရခက်ခဲပါတယ်။ နိုင်ငံ တော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒါကြောင့် ကျေးရွာတွေမှာ လျှပ်စစ်ဓာတ်အားရရှိဖို့ အဓိကဖြစ်ကြောင်း ထောက်ပြ နေခြင်းဖြစ်ပါတယ်။

လျှပ်စစ်ဓာတ်အားသည် ရူပဗေဒနိယာမအတိုင်းသာ စီးဆင်းနေတယ်။ နိုင်ငံရေးအရ၊ နယ်နိမိတ်တွေအရ ဟန့်တားလို့မရပါဘူးလို့ ပညာရှင်တစ်ယောက်က ပြောခဲ့ပါတယ်။ လျှပ်စစ်ဓာတ်အားကို စက်မှုနည်းပညာ တွေအရ လိုအပ်သလိုထိန်းချုပ်ဖို့ လွယ်ကူပါတယ်။ နည်းပညာတွေ ဒီနေ့အထူးအားကောင်းပါတယ်။ ဒါပေမဲ့ လျှပ်စစ်ဓာတ်အားကိုသုံးစွဲသူတွေနဲ့ ထုတ်လုပ်ဖြန့်ဖြူးသူ တွေရဲ့အကြား ကောင်းမွန်တဲ့စီမံခန့်ခွဲမှုတစ်ရပ်ကတော့ အထူးပဲလိုအပ်ပါတယ်။

နောက်တစ်ခုက လျှပ်စစ်ရဲ့ သဘောသဘာဝက ဓာတ်အားကို သိုလှောင်ထားလို့မရပါဘူး။ သုံးစွဲသူတွေ သုံးစွဲသလောက် အခိုက်အတန့်အတိုင်း ဓာတ်အား ပေးစက်တွေက ထုတ်လုပ်ပေးရပါတယ်။ ဒါကြောင့်မို့ လျှပ်စစ်နဲ့ ပတ်သက်တဲ့ စီမံချက်တွေဟာ စနစ်တကျ လေ့လာထားခြင်းမရှိရင်၊ စနစ်တကျစီမံကိန်းရေးဆွဲ မထားရင် လိုအပ်ချက်နဲ့ ဖြည့်ဆည်းပေးနိုင်ချက်တို့ ကွာဟချက်တွေ များသည်ထက်များလာပြီး ဟန်ချက် ပျက်ပြားသွားစေနိုင်ပါတယ်။ ဒါကြောင့်မို့ လျှပ်စစ် ဓာတ်အားကို စီမံခန့်ခွဲခြင်းဟာ အထူးပဲ ဂရုတစိုက်လုပ်ရ မယ့် ကိစ္စဖြစ်ပါတယ်။

ရာစုနှစ်နဲ့ချီပြီးတိုးတက်လာခဲ့တဲ့ ဥရောပနဲ့ အမေရိကန်လို နိုင်ငံတွေမှာ လျှပ်စစ်ဓာတ်အားဟာ ကုန်သွယ်ရောင်းဝယ်နိုင်တဲ့ ကုန်ထုတ်အရင်းအနှီး (Tradable Commodity) လို့ သတ်မှတ်ဆောင်ရွက် နေကြပြီး ဖွံ့ဖြိုးမှုနောက်ကျတဲ့ မြန်မာနိုင်ငံလိုနိုင်ငံမျိုးမှာ တော့ လျှပ်စစ်ဓာတ်အားဟာ ဖွံ့ဖြိုးမှုအတွက် သွင်းအား စု (Development Input) အဖြစ်ပဲ ရှိနေပါသေးတယ်။ ဥရောပနိုင်ငံတွေအကြားမှာ ဒေသအလိုက် ဓာတ်အား ကွန်ရက်ကြီးတွေ တည်ဆောက်ပြီး တစ်နိုင်ငံနဲ့ တစ်နိုင်ငံ လိုအပ်ချက်၊ ထုတ်လုပ်နိုင်စွမ်းအရ နာရီပိုင်း၊ မိနစ်ပိုင်း အတွင်း ဈေးနှုန်းအပြောင်းအလဲလုပ်ပြီး ကုန်သွယ်မှုပြုလုပ် နေကြပါတယ်။ နည်းပညာအရ အားကောင်းသလို စီးပွားရေး ရာနှင့် ဘဏ်လုပ်ငန်းဆိုင်ရာတွေ စီမံခန့်ခွဲမှု နည်းပညာ တွေကလည်း လိုက်ဖက်ညီညီ ဆောင်ရွက်နိုင်လို့ပါပဲ။

အိန္ဒိယလိုနိုင်ငံမျိုးမှာတော့ လယ်သမားတွေအတွက် ရေပေးသွင်းတဲ့အလုပ်မျိုးဆောင်ရွက်ပေးတဲ့ သမဝါယမ လုပ်ငန်းတွေအတွက် ဓာတ်အားခဈေးနှုန်းကို အထူးလျှော့ ပေးရတဲ့ ပေါ်လစီရှိပါတယ်။ အလကားနီးပါးပေးရတာမို့ (Zero Tarif ) လို့တောင် ပြောကြပါတယ်။ စိုက်ပျိုးရေး အတွက် လျှပ်စစ်တစ်ယူနစ်ကို အိန္ဒိယငွေ ၂၉ ပြားပေးရတဲ့ အချိန်မှာ အိမ်သုံးလျှပ်စစ်မီတာခက ၂ ဒသမ ၄၂ ရူပီ ရှိတာမို့ ရှစ်ဆကျော်ပိုပေးရတယ်။ စီးပွားရေးလုပ်ငန်းကြီး တွေဖြစ်တဲ့ စတိုးဆိုင်ကြီးတွေ၊ ဟိုတယ်တွေရဲ့ မီတာခ ဈေးနှုန်းက တစ်ယူနစ် ၆ ဒသမ ၂၅ ရူပီဖြစ်တာမို့ ၂၁ ဆကျော်ပေးရပါတယ်။ ဂျပန်နိုင်ငံမှာတော့ အိမ်တွင်းသုံး ဓာတ်အားခကိုသတ်မှတ်တဲ့ ယူနစ်ထက် လျှော့နည်းသုံးစွဲ ရင် ဈေးပိုပေးရသလို အများအပြားသုံးစွဲရင်လည်း ဈေးပို ပေးရပါတယ်။ သုံးစွဲသင့်သလောက် သုံးစွဲတဲ့ ဘောင်အတွင်းမှာ ဈေးချိုပါတယ်။ ဂျပန်ရဲ့ ပေါ်လစီက သုံးသင့်သလောက်မသုံးရင် ဈေးပိုတောင်းတယ်။ တအား သုံးရင်လည်း ဒဏ်ခတ်သလိုဈေးပိုတောင်းတယ်။ ချင့်ချိန် ပြီး သုံးစွဲဖို့ကို စီးပွားရေးရှုထောင့်ကပါကြည့်ပြီး ချမှတ်ထားတဲ့ ပေါ်လစီပါ။

ကျေးလက်နေပြည်သူတွေ၊ ငွေကြေးကိုချင့်ချိန်သုံးစွဲ နေရသူတွေက မီတာခကို ဈေးပေါပေါနဲ့ ရလိုကြတယ်။ အရည်အသွေးစံချိန်စံညွှန်းဖြစ်တဲ့ ဗို့အားတို့ ဖရီကွင်စီတို့ အကျခံနိုင်တယ်။ ဟိုတယ်ကြီးတွေ၊ စက်ရုံကြီးတွေကြတော့ ဗို့အားဖရီကွင်စီဆိုတဲ့ စံနှုန်းအတိအကျလိုအပ်တယ်။ ဈေးနှုန်းကောင်းကောင်းပေးနိုင်တယ်။ ဓာတ်မြေသြဇာ စက်ရုံလိုမျိုး ဓာတုဗေဒစက်ရုံတွေဟာ လျှပ်စစ်ဓာတ်အား ငါးမိနစ်လောက်ထက် ပိုပြတ်တောက်သွားရင် ထုတ်လုပ်မှု စနစ်ကို အစကပြန်စရတာမို့ တစ်ရက်လောက် အချိန်ပြန် ယူရတယ်။ မီးပျက်မှုကြောင့် ကုန်ကျစရိတ်တွေ တအား များတယ်။ ဒါကြောင့်မို့ မီတာခဈေးကောင်းကောင်းပေးမယ် အလျော်အစား (Take or Pay)အနေနဲ့ လျှပ်စစ်ဌာန ဘက်ကလည်း မီးပျက်ရင် ဒဏ်ကြေးပြန်ပေးရတာမျိုး လိုချင်တယ်။

ဒီနေ့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားခ တွက်ချက်ပုံ ဟာ အလွန်ရိုးစင်းပါတယ်။ အိမ်တွင်းသုံး၊ စက်မှုသုံးနှစ်မျိုး ပဲရှိတယ်။ ယခင် ESB၊ EPC ခေတ်တုန်းက ငါးမျိုး လောက်ရှိတယ်။ အိန္ဒိယနိုင်ငံမှာဆိုရင် ခုနစ်မျိုးလောက်ရှိ တယ်။ ခေတ်မီဖွံ့ဖြိုးပြီး အလွန်ခေတ်မီတဲ့ ထိန်းချုပ်မှု၊ မီတာဖတ်မှုစနစ်တွေရှိတဲ့ နိုင်ငံတွေလို နာရီအလိုက် ပြောင်းလဲတဲ့ ဓာတ်အားခနှုန်းထားစနစ် မလုပ်နိုင်သေး ရင်တောင် ပုံသဏ္ဍာန်သွင်ပြင်မတူတဲ့ မီးသုံးစွဲသူတွေကို မတူညီတဲ့ ဓာတ်အားခနှုန်းထားတွေနဲ့ ဘယ်လိုအကောင်း ဆုံး ကိုင်တွယ်ဖြေရှင်းမယ်ဆိုတဲ့ ဓာတ်အားခနှုန်းထား ပေါ်လစီကို ချမှတ်ရပါတော့မယ်။

လျှပ်စစ်ကို နိုင်ငံအများမှာ ရှေးရိုးရာဓလေ့ထုံးစံ အတိုင်း နိုင်ငံတော်အစိုးရကသာ ကြီးကြပ်ကိုင်တွယ်ခြင်း ဖြစ်တဲ့ ဒေါင်လိုက်အုပ်ချုပ်တဲ့စနစ်ကနေပြီး ပြုပြင် ပြောင်းလဲမှုတွေကို ၁၉၈၂ ခုနှစ်မှာတောင် အမေရိက ချီလီနိုင်ငံကစတင်ပြီး ပြုပြင်ပြောင်းလဲမှုစခဲ့တယ်။ ဗြိတိန်၊ အာဂျင်တီးနား၊ ဩစတြေးလျနဲ့ အမေရိကန်နိုင်ငံတွေက ဆက်လက်လိုက်ပါဆောင်ရွက်ခဲ့တယ်။ ဒီလိုပြောင်းလဲမှု တွေဖြစ်လာအောင် တွန်းအားပေးတဲ့အချက်တွေက စီးပွား ရေးအပြောင်းအလဲတွေ၊ နည်းပညာတိုးတက်မှုတွေအပြင် ဗဟိုချုပ်ကိုင်မှု၊ တာဝန်ယူမှုတွေကိုလျှော့ချပြီး ပုဂ္ဂလိက အပိုင်းကပါဝင်မှုကဏ္ဍဖွံ့ဖြိုးစေရမယ်ဆိုတဲ့ အတွေးအခေါ် တွေကြောင့်ပါပဲ။ အထူးသဖြင့် ဆိုဗီယက်နိုင်ငံပြိုကွဲပြီး လက်ယာဝါဒသမားတွေ အားကောင်းခဲ့တဲ့ အင်္ဂလန်က မာဂရက်သက်ချာတို့၊ အမေရိကန်သမ္မတကြီး ရော်နယ်ရေ ဂင်တို့လက်ထက်က စတင်ခဲ့တယ်ဆိုပါတော့။

ဒီလိုပြောင်းလဲရာမှာ လျှပ်စစ်ကဏ္ဍရဲ့ ဓာတ်အားထုတ် လုပ်ခြင်း၊ (Generation)၊ ဓာတ်အားပို့လွှတ်ခြင်း (Transmission) နဲ့ ဓာတ်အားဖြန့်ဖြူးခြင်း (Distribution) ကို တစုတလုံးတည်း (Integrated) ထားတဲ့ စနစ်က ခွဲခြားပြီးဆောင်ရွက်စေခြင်း၊ (Unbundled) လုပ်စေခြင်း နှင့် နိုင်ငံတော်ပိုင်ဆိုင်မှုကနေပြီး ပုဂ္ဂလိကပိုင်ဆိုင်ခြင်း ဘက်သို့ ပြောင်းလဲစေခဲ့ခြင်းတို့ပါပဲ။ ဒီနေ့ အမေရိကန်နှင့် ဂျပန်နိုင်ငံတွေမှာ ပုဂ္ဂလိကကုမ္ပဏီကြီးတွေက ပိုင်ဆိုင်ပြီး တပေါင်းတစည်းတည်းစနစ်ကို သုံးကြတယ်။ တရုတ်၊ ပြင်သစ်၊ ကနေဒါနဲ့ ဩစတြေးလျနိုင်ငံတွေက နိုင်ငံတော် ကျောထောက်နောက်ခံက ပိုင်ဆိုင်ပြီး တပေါင်းတစည်း စနစ်နဲ့သွားတယ်။ အိန္ဒိယ၊ နော်ဝေး၊ ဂျာမနီ၊ နယူးဇီလန် တို့မှာ နိုင်ငံပိုင်စနစ်ခွဲခြားပြီး ဆောင်ရွက်ခြင်းစနစ်နဲ့ သွားတယ်။ ချီလီ၊ အင်္ဂလန်နဲ့ အာဂျင်တီးနားတို့မှာ ပုဂ္ဂလိက ပိုင်ဆိုင်မှုစနစ်နဲ့ခွဲခြားပြီး ဆောင်ရွက်တဲ့စနစ်နဲ့ သွားကြ တယ်။


မြန်မာနိုင်ငံမှာ ယခင် Electric Power Coperation (E.P.C)လို့ လူသိများတဲ့ခေတ်က EPC က ဦးဆောင် ညွှန်ကြားမှုရဲ့အောက်မှာ ဓာတ်အားထုတ်လုပ်တာ၊ ပို့လွှတ် တာ၊ ဖြန့်ဖြူးတာတွေ အားလုံးရှိခဲ့တယ်။ အောင်မြင်မှုရှိ ခဲ့တယ်။ ဝန်ထမ်းတွေကို ဆုကြေးပေးနိုင်ခဲ့တယ်။ ဒီနောက်ပိုင်းမှာ တပ်မတော်အစိုးရလက်ထက်မှာ လျှပ်စစ် (၁)နဲ့ (၂) ခွဲလိုက်တယ်။ အကြမ်းဖျင်းအားဖြင့် ဓာတ်အား ထုတ်လုပ်တဲ့အပိုင်းကို လျှပ်စစ်(၁)က HPGE က တာဝန် ယူပြီး လျှပ်စစ်(၂)က MEPE ကို အမြတ်နဲ့ရောင်းတယ်။ MEPE က ဓာတ်အားပို့လွှတ်ပြီး ဓာတ်အားဖြန့်ဖြူးတဲ့ ESE ကို ပြန်ရောင်းတယ်။

ESE က မီးသုံးစွဲသူတွေကို ပြန်ရောင်းတယ်။ ပြုပြင်ပြောင်းလဲမှုတွေလုပ်ခဲ့တယ်။ ဆိုရှယ်လစ်စနစ်နဲ့ ဆယ်စုနှစ်အတော်ကြာချီတက်ခဲ့တဲ့ မြန်မာနိုင်ငံမှာ လျှပ်စစ် ကဏ္ဍကို နိုင်ငံတော်ကပဲ ပိုင်ခဲ့ပါတယ်။ နိုင်ငံရပ်ခြားမှာလို ခွဲခြားပြီးဆောင်ရွက်ခဲ့ပေမယ့် လုံးဝသီးသန့် အနှစ်သာရ အပြည့်နဲ့ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ ကုန်သွယ်ခွန် (Commercial Tax)တွေ အထပ်ထပ်ပေးခဲ့ရတယ်။ လျှပ်စစ်ကဏ္ဍရှုံးတယ် ရှုံးတယ်ပြောကြပြီး ဘယ်ကဏ္ဍက ရှုံးတယ်ဆိုတဲ့အဖြေကို ပွင့်လင်းစွာ တင်ပြနိုင်ခြင်းမရှိခဲ့ပါ။

ဒီနောက်ပိုင်းမှာ ၂၀၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ လျှပ်စစ် ဥပဒေနဲ့ ၂၀၁၅ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ လျှပ်စစ် နည်းဥပဒေမှာ တိကျစွာ ပြဋ္ဌာန်းမထားဘဲ Franchisee ခေါ်တဲ့ ကိုယ်စားလှယ်စနစ်ကို ၂၀၁၅ ခုနှစ်ကစပြီး တာဝန်ရှိသူတွေက စမ်းသပ်သုံးစွဲကြည့်တယ်။ ရည်ရွယ် ချက်ကတော့ နိုင်ငံတော်ပိုင်လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့၊ ကော်ပိုရေးရှင်းတွေရဲ့ ဓာတ်အားဖြန့်ဖြူးတဲ့ ဒေသ တွင်းမှာ Franchisee ကုမ္ပဏီတွေကို ကိုယ်စားဆောင် ရွက်စေပြီး နိုင်ငံတော်မှ စိုက်ထုတ်ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်သက်သာစေရန်၊ ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရန်၊ ဓာတ်အားဖြန့်ဖြူးမှု ကောင်းမွန်တည်ငြိမ် စေရန်၊ ပြည်သူများအရည် အသွေးပြည့်ဝသော လျှပ်စစ် ဓာတ်အားကို စဉ်ဆက်မပြတ် ဓာတ်အားသုံးစွဲနိုင်စေရန်၊ ဝင်ငွေတိုးတက်ရရှိစေရန်၊ အများပြည်သူသို့ ဝန်ဆောင်မှု ကောင်းများပေးရန် စတဲ့ ရည်ရွယ်ချက် (၆) ချက်နဲ့ လုပ်ဆောင်စေခဲ့ပါတယ်။

ဒါပေမဲ့ လက်တွေ့မှာ ဌာနနဲ့ ကုမ္ပဏီတွေ ရည်ရွယ်ချက်အတိုင်း ကျေနပ်လောက်အောင် မဆောင် ရွက်နိုင်ခဲ့ပါဘူး။ လျှပ်စစ်ဌာနနဲ့ Franchisee ကုမ္ပဏီ တွေအကြား မကျေလည်တဲ့အသံတွေကြားနေရပါတယ်၊ ပြဿနာတွေဖြစ်နေပါတယ်။ အဓိကအချက်က စာချုပ် စာတမ်းတွေမှာ ဥပဒေရေးရာမသေချာမှု (Legally Uncertainty) တွေကြောင့်ပါ။ တိကျပြတ်သားတဲ့ တာဝန်ခွဲဝေမှု မရေရာမသေချာလို့ပါဘဲ။

ဒါကြောင့်မို့ ရာစုနှစ်တစ်စုကျော်လူသားများ သုံးစွဲလာခဲ့တဲ့ လျှပ်စစ်ဓာတ်အားကို မြန်မာနိုင်ငံမှာ လုံလောက်စွာ အသုံးချခွင့်ရနိုင်ဖို့ လျှပ်စစ်ဓာတ်အားကို စနစ်တကျ စီမံခန့်ခွဲဖို့ လိုအပ်နေပြီဖြစ်ပါကြောင်း တင်ပြ လိုက်ပါရစေခင်ဗျား။ ။



**ခေတ်မီဖွံ့ဖြိုးပြီး အလွန်ခေတ်မီတဲ့ ထိန်းချုပ်မှု၊ မီတာဖတ်မှုစနစ်တွေရှိတဲ့ နိုင်ငံတွေလို နာရီအလိုက် ပြောင်းလဲတဲ့ ဓာတ်အားခနှုန်းထား စနစ် မလုပ်နိုင်သေးရင်တောင် ပုံသဏ္ဍာန်သွင်ပြင်မတူတဲ့ မီးသုံးစွဲသူ တွေကို မတူညီတဲ့ဓာတ်အားခ နှုန်းထားတွေနဲ့ ဘယ်လိုအကောင်း ဆုံး ကိုင်တွယ်ဖြေရှင်းမယ်ဆိုတဲ့ ဓာတ်အားခနှုန်းထား ပေါ်လစီကို ချမှတ်ရပါတော့မယ်။**

## ပညာရေးငွေစုငွေချေးသမဝါယမအသင်းလီမိတက်အရပ်ရပ်ဆိုင်ရာစည်းဝေး

**ညောင်တုန်း ဩဂုတ် ၁၆**

ညောင်တုန်းမြို့နယ် ပညာရေးငွေစုငွေချေး သမဝါယမအသင်း၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာ ရေးနှစ်အရပ်ရပ်ဆိုင်ရာလုပ်ငန်းနှင့် သင်းလုံး ကျွတ်အစည်းအဝေးကို ဩဂုတ်လပထမပတ်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ကျင်းပရာ အသင်း အမှုဆောင်ဒါရိုက်တာ ဦးယဉ်ထွေးက အဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ခံမြို့နယ်ပညာရေးမှူး ဒေါ်သင်းသင်းနွယ်က အသင်း၏ တိုးတက် အောင်မြင်မှုများကို အကျဉ်းချုပ်ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာအေးက အသင်းသားများအား ငွေစု ငွေချေးလုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးတင်ဝင်းအေးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာ ရေးနှစ် ငွေစာရင်းရှင်းတမ်းများကို လည်း ကောင်း၊ အသင်းအတွင်းရေးမှူး ဦးထွန်းကျော် စိုးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အမှုဆောင် အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အသီးသီးရှင်းလင်းတင်ပြသည်။ ထို့နောက် သဘာပတိထံမှ အတည်ပြုချက်ရယူပြီး စုဆောင်းငွေအများဆုံးစုသူများအား ဂုဏ်ပြု မှတ်တမ်းလွှာနှင့် လက်ဆောင်များပေးအပ် ချီးမြှင့်ကာ အသင်းသား ၁၇၀၀ ဦးတို့အား အစုပေါ် အမြတ်ငွေများကို ခွဲဝေထုတ်ပေး သည်။

ထို့ပြင် ပညာရေးငွေစုငွေချေး အသင်း ဝင်များ၏ သားသမီးများအား တာဝန်ခံမြို့နယ် ပညာရေးမှူး ဒေါ်သင်းသင်းနွယ်၊ ဦးစီးအရာရှိ ဒေါ်ခင်မာအေးနှင့် တာဝန်ရှိသူများက ပညာ သင်ထောက်ပံ့ငွေကြေးများ ပေးအပ်ချီးမြှင့် သည်။ အဆိုပါအသင်းသည် အသင်းသား တစ်ဦးလျှင် စုဆောင်းငွေ၏နှစ်ဆ အများဆုံး ချေးငွေ ကျပ် ၁၂ သိန်းအထိ ထုတ်ချေး ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# မြန်မာနိုင်ငံဟာ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ သာယာဝပြောရေးဆိုတဲ့ အင်္ဂါရပ်တွေနဲ့အညီ လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ အောင်မြင်မှုတွေကို မကြာတော့တဲ့ကာလမှာ ရရှိလာလိမ့်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်

## မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး Mr. Lyying SAYAXANG နှင့် တွေ့ဆုံမေးမြန်းခြင်း

**ဩဂုတ်လ ၁၃ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် ဖော်ပြပါရှိသည့် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်ရေးနှင့် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးမြှင့်တင်မှုတို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး Mr. Lyying SAYAXANG နှင့် တွေ့ဆုံမေးမြန်းခန်းကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။**

### ဘာသာပြန်- သာစိန်၊ ကျော်ထိုက်စိုး

**မေး။ ။ မြန်မာနိုင်ငံမှာ အကောင်အထည်ဖော်နေတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး သံအမတ်ကြီးရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေတာ နှစ်နှစ်ကျော်ရှိနေပါပြီ။ မြန်မာနိုင်ငံမှာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနိုင်ငံမှာ အကောင်အထည်ဖော်နေတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တစ်လျှောက်မှာ ဆောင်ရွက်နိုင်ခဲ့တာတွေ များစွာတွေ့ရပါတယ်။

အဓိကဆောင်ရွက်ချက်တွေကတော့ အစိုးရအဖွဲ့ အသစ်ဖွဲ့စည်းနိုင်ဖို့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ခြင်း၊ ၂၀၁၇ ခုနှစ် ဧပြီလမှာ ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်း၊ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သို့ ရောက်ရှိရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစုပင်လုံကို ပထမအကြိမ်နှင့် ဒုတိယအကြိမ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း စတဲ့အဓိကလုပ်ဆောင်ချက်တွေ ဖြစ်ပါတယ်။

ဒီအဓိကလုပ်ဆောင်ချက်တွေကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် မြန်မာနိုင်ငံဟာ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ သာယာဝပြောရေးဆိုတဲ့ အင်္ဂါရပ်တွေနဲ့အညီ လက်ရှိအစိုးရရဲ့ ဦးဆောင်မှုအောက်မှာ လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ အောင်မြင်မှုတွေကို မကြာတော့တဲ့ကာလမှာ ရရှိလာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ အပြည့်အဝယုံကြည်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ စစ်ပွဲမှ ငြိမ်းချမ်းရေးသို့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး သံအမတ်ကြီးရဲ့ထင်မြင်ယူဆချက်ကို သိချင်ပါတယ်။**

ဖြေ။ ။ ဒီကမ္ဘာပေါ်မှာရှိတဲ့ လူသားအားလုံးဟာ ငြိမ်းချမ်းရေးကို လိုလားတဲ့သူတွေဖြစ်ကြပါတယ်။ နိုင်ငံတစ်နိုင်ငံ ငြိမ်းချမ်းရေးရှိမှ တိုးတက်ပြီး သာယာဝပြောနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာအစိုးရနဲ့ ပြည်သူတွေ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်တဲ့ ဆောင်ရွက်ချက်တွေဖြစ်ပါတယ်။ ယခင်ကာလကနေ အခုအချိန်အထိ မြန်မာနိုင်ငံရဲ့ ဒေသအချို့မှာ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား ပဋိပက္ခတွေဖြစ်ပွားနေတာကလွဲရင် ကြီးမားတဲ့စစ်ပွဲ မရှိခဲ့ပါဘူး။

ဒါကြောင့်မို့ အစိုးရအနေနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေးနဲ့ ပြည်သူလူထုတွေရဲ့ အကျိုးစီးပွားတွေ ဖော်ဆောင်ရေး စတဲ့လုပ်ငန်းတွေကို ထိရောက်စွာ ဆောင်ရွက်ပေးခြင်းအားဖြင့် ပဋိပက္ခတွေကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ပြည်သူတွေကို ဘယ်ဟာက အဓိက၊ ဘယ်ဟာက သာမညလည်းဆိုတာ မြင်တွေ့နိုင်အောင် အပြန်အလှန်နားလည်မှု တည်ဆောက်ရမှာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေနဲ့ အတူ သူတို့ရဲ့အသက်မွေးမှုလုပ်ငန်းတွေ ပြန်ပြီးအတည်တကျဖြစ်သွားမယ်ဆိုရင် ပဋိပက္ခတွေ လွင့်စဉ်ကွယ်ပျောက်ပြီး ငြိမ်းချမ်းရေးပြန်လည်ရရှိမယ်လို့ ကျွန်တော် အပြည့်အဝယုံကြည်ပါတယ်။



**မေး။ ။ လာအိုနဲ့ မြန်မာနိုင်ငံအကြား အပြန်အလှန် ချစ်ကြည်ရေးမြှင့်တင်ဖို့အစီအစဉ်နဲ့ ပတ်သက်ပြီး သိခွင့်ရရင် သိချင်ပါတယ်။**

ဖြေ။ ။ လာအိုနဲ့ မြန်မာနိုင်ငံအကြား ချစ်ကြည်ရေးဟာ သမိုင်းကြောင်းအရ ရှည်လျားပြီး နယ်စပ်ချင်းထိစပ်နေကြတဲ့ အိမ်နီးချင်းနိုင်ငံတွေအဖြစ်ရော ချစ်ကြည်ရင်းနှီးတဲ့ မိတ်ဆွေအဖြစ်ပါ သတ်မှတ်လို့ရပါတယ်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးခိုင်မြဲစွာတည်ရှိရခြင်းအကြောင်းအရင်းကတော့ အပြန်အလှန်ယုံကြည်မှုနဲ့ အပြန်အလှန်နားလည်မှုတွေကနေ အမြဲတစေအခြေခံခဲ့တာဖြစ်ပါတယ်။ များမကြာမီက လာအိုနဲ့ မြန်မာနိုင်ငံကြား သံတမန်ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှု နှစ် ၆၀ ကျော်ရှိခဲ့ပြီး အဓိကအားဖြင့် နိုင်ငံရေးနဲ့ ကာကွယ်ရေးကဏ္ဍတွေမှာ ထင်ရှားစွာ မြင်တွေ့ရပါတယ်။

အထူးသဖြင့် နယ်စပ်တစ်လျှောက် ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာရာမှာ ကျွန်တော်တို့နှစ်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါတယ်။ မဝေးတော့တဲ့ အနာဂတ်မှာ လာအိုနဲ့ မြန်မာနိုင်ငံတို့က အထူးသဖြင့် ရွှေတြိဂံဒေသမှာ မူးယစ်ဆေးဝါးနဲ့ လူကုန်ကူးမှုပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းသွားမှာဖြစ်ပါတယ်။ နှစ်နိုင်ငံပြည်သူတွေအတွက် နယ်စပ်တစ်လျှောက် ကုန်စည်ဖလှယ်မှုနဲ့ ကူးသန်းရောင်းဝယ်မှုပြုလုပ်ရာမှာလည်း ထပ်ပြီးတိုးတက်ဖို့ လိုအပ်နေပါတယ်။ ဒ့ါအပြင် နှစ်နိုင်ငံပြည်သူတွေ အကျိုးကျေးဇူးရရှိစေဖို့ အာဆီယံစီးပွားရေးအသိုက်အဝန်းရဲ့ မဏ္ဍိုင်နဲ့အညီ လာအို-မြန်မာ စီးပွားရေးပေါင်းစည်းမှု အကောင်အထည်ဖော်ဆောင်ဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။

**မေး။ ။ နယ်စပ်ကုန်သွယ်ရေးနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာမှာ ရင်းနှီးမြှုပ်နှံသူတွေအတွက် အဓိကစိန်ခေါ်မှုတွေက ဘာတွေဖြစ်မလဲ။**

ဖြေ။ ။ မြန်မာနိုင်ငံက ပြည်ပရင်းနှီးမြှုပ်နှံသူတွေအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း ဖွင့်ပေးထားတယ်လို့ ပြောရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက မြန်ဆန်တယ်ဆိုပေမယ့် ဝေးလံခေါင်ဖျားတဲ့ဒေသတွေမှာ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား တိုက်ခိုက်မှုက ရှိနေဆဲဖြစ်ပြီး ဒီစိန်ခေါ်မှုတွေက ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ရာမှာ မသေချာမှုကို ဖြစ်စေပါတယ်။ မြန်မာနိုင်ငံက ကျယ်ပြောတဲ့မြေပြန့်ဒေသတွေ၊ အလျှံပယ်ပေါကြွယ်ဝတဲ့ သဘာဝသယံဇာတတွေနဲ့ လုပ်သားထုပိုင်ဆိုင်တဲ့ တိုင်းပြည်တစ်ခုလို့ ကျွန်တော် သိရှိထားပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးပြဿနာကို ဖြေရှင်းနိုင်မယ်ဆိုရင် သေချာပေါက် ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုရရှိလာမှာဖြစ်ပြီး မြန်မာနိုင်ငံလည်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာပါလိမ့်မယ်။

**မေး။ ။ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေ၊ လူကုန်ကူးမှုနဲ့ မူးယစ်ဆေးဝါးမှောင်ခိုကူးမှုလို နှစ်ဦးနှစ်ဖက်ကိစ္စရပ်တွေအတွက် ဘယ်လိုစိန်ခေါ်မှုတွေရှိနေလဲ။**

ဖြေ။ ။ လာအိုနဲ့ မြန်မာနိုင်ငံက နယ်နိမိတ်ချင်း ၂၃၆ ကီလိုမီတာအထိ ထိစပ်နေပြီး ဒါဟာ အခြားအိမ်နီးချင်းတိုင်းပြည်တွေနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ သိပ်ပြီး ရှည်ရှည်လျားလျား ထိစပ်မှုမရှိပါဘူး။ ပြီးခဲ့တဲ့နှစ်တွေအတွင်း အန္တရာယ်မရှိသော၊ ငြိမ်းချမ်းမှုရှိသော နယ်စပ်တစ်လျှောက်မှာ နှစ်နိုင်ငံစလုံးက ကောင်းမွန်တဲ့ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုကိုထိန်းသိမ်းခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စိန်ခေါ်မှုတွေ ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်ပြီး အထူးသဖြင့် နှစ်နိုင်ငံနယ်စပ်မှာရှိတဲ့ တောင်ပေါ် ဝေးလံခေါင်ဖျားတဲ့ ကုန်းမြင့်ဒေသတွေက အထူးသဖြင့် ရွှေတြိဂံဒေသတွေက မူးယစ်ဆေးဝါးမှောင်ခိုကူးဖို့ ပတ်ဝန်းကျင်ကောင်း ဖြစ်ပါတယ်။

နှစ်နိုင်ငံ ပူးတွဲနယ်စပ်ကော်မရှင်က နယ်စပ်ရေးရာ လုပ်ဆောင်ချက်တွေကို ပိုပြီးထိရောက်စွာ ဆက်လက်လုပ်ဆောင်နိုင်ဖို့အတွက် မွမ်းမံဖို့လိုအပ်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒ့ါအပြင် နှစ်နိုင်ငံပြည်သူတွေ တိုးတက်ရေးအတွက် နယ်စပ်တစ်လျှောက်နေထိုင်တဲ့ ပြည်သူတွေက မူးယစ်ဆေးဝါးမှောင်ခိုကူးမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ လူကုန်ကူးမှုတိုက်ဖျက်ရာမှာ အစိုးရနဲ့ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တဲ့အပြင် လာအို-မြန်မာချစ်ကြည်ရေးတံတားမှတစ်ဆင့် ကုန်စည်ဖလှယ်မှုနဲ့ အပြန်အလှန်လည်ပတ်ရာတွင် နိုင်ငံတကာစည်းမျဉ်းတွေနဲ့အညီ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ။

---

# စီးပွားရေးပိတ်ဆို့မှု ဖယ်ရှားပြီးနောက် သုံးနှစ်အတွင်း မြန်မာနိုင်ငံတွင် အမေရိကန်၏ ရင်းနှီးမြှုပ်နှံမှု နှစ်ဆခန့်မြင့်တက်လာမည်ဟု မျှော်မှန်း

**ရန်ကုန် ဩဂုတ် ၁၆**

မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု ဖယ်ရှားပြီးနောက်တွင် လက်ရှိ အမေရိကန်၏ ရင်းနှီးမြှုပ်နှံမှု နည်းပါးနေသေးသော်လည်း သုံးနှစ်အတွင်း နှစ်ဆခန့် မြင့်တက်လာမည်ဟု မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

"မြန်မာမှာ စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းလိုက်ပေမယ့် အမေရိကန်အနေနဲ့ ချက်ချင်းကြီးဝင်လာဖို့ မရှိသေးပါဘူး။ ဗီယက်နမ်မှာလည်း ၁၉၉၄ ခုနှစ်ကတည်းက စီးပွားရေးပိတ်ဆို့မှုရုပ်သိမ်းတယ်။ အဲဒီမှာ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကျော်လောက်ပဲ ရင်းနှီးမြှုပ်နှံသေးတယ်။ ဆယ်နှစ်လောက်ကြာတဲ့ ၂၀၀၄ ခုနှစ်မှာတော့ ရင်းနှီးမြှုပ်နှံမှုဟာ သန်း ၂၀၀၀ ကျော် ဖြစ်လာပါတယ်။ သူတို့မှာလည်း ဆယ်နှစ်လောက် အချိန်ယူခဲ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အဲဒီဆယ်နှစ်လောက်တော့ ယူစရာမလိုပါဘူး။ သုံးနှစ်အတွင်းမှာပဲ နှစ်ဆဖြစ်လာဖို့ မျှော်မှန်းထားပါတယ်"ဟု ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံမှု ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း၊ အာမခံလုပ်ငန်း၊ IT လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်းသိရပြီး အလားအလာကောင်းသော လုပ်ငန်းတစ်ခုအနေဖြင့် ကျောက်မျက်ရတနာကဏ္ဍကို အထူးစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

"အမေရိကန်က စီးပွားရေးပိတ်ဆို့မှုဖွင့်လိုက်ပေမယ့် ချက်ချင်းကြီးဆိုသလို ဝုန်းခနဲဝင်လာတာ၊ တိုးလာတာ မရှိသေးပေမယ့် စင်ကာပူကတစ်ဆင့်ကြားခံပြီး ရင်းနှီးမြှုပ်နှံမှုဝင်လာတာတွေ တော့ရှိပါတယ်။ သူတို့ အလွန်စိတ်ဝင်စားတဲ့ကဏ္ဍတွေလည်း ရှိပါတယ်။ အစိုးရရဲ့မူဝါဒအရ ဘယ်လောက်ဖွင့်ပေးမလဲဆိုတဲ့အပေါ်မှာလည်း ဝင်လာပါလိမ့်မယ်"ဟု ၎င်းက ပြောသည်။

ယင်းအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ကျောက်မျက်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ ဖွင့်ပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးမှုများ၊ ပြင်ဆင်မှုများ ပြုလုပ်နေပြီး ယင်းကဏ္ဍဖွင့်လှစ်နိုင်ပါက အမေရိကန်၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးတက်မြင့်မားလာနိုင်ကြောင်း သိရသည်။

လက်ရှိ အမေရိကန်၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ သန်း ၂၅၀ ခန့်သာ ရှိနေသေးပြီး စီးပွားရေးပိတ်ဆို့မှုဖယ်ရှားပြီး ချက်ချင်းတိုးမလာသော်လည်း အလားအလာကောင်းများ ရှိနေကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။ **(ဝဝ၁)**

---

# သဘာဝဘေးဆိုင်ရာအရေးပေါ်ကြိုတင်သတိပေးစနစ် စက်ပစ္စည်းများ လွှဲပြောင်းပေးအပ်

**ဖယ်ခုံ ဩဂုတ် ၁၆**

ဖယ်ခုံမြို့နယ်အတွက် သဘာဝဘေးဆိုင်ရာအရေးပေါ်သတိပေးစနစ်များ ပိုမိုအားကောင်းလာစေရန်အတွက် Christian Aid, Dear Myanmar နှင့် RIMES အဖွဲ့များမှပူးပေါင်း၍ ဆက်သွယ်ရေးပစ္စည်းများဖြစ်သော Icom VHF ၁၇ လုံး၊ SSB နှစ်လုံးနှင့် ဆက်စပ်စက်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖယ်ခုံမြို့နှင့်အလှမ်းဝေးသော အနောက်ဘက်တောင်တန်းဒေသများရှိ ကျေးရွာများဖြစ်သည့် နှံတုံ၊ သာယု၊ ကဖု၊ သာအောက်၊ ကပလော့၊ နတ်ကြီးစခန်း၊ ခေါင်းကိန်၊ ဟန်ဖြူ၊ ဖူးလောင်၊ ရမ်းခူ၊ သဟိုက်တုံ၊ လုတ်ကူ၊ ဆီဆောင်၊ ပရေးပလို၊ ဝါသောခိုကျေးရွာ ၁၅ ရွာနှင့် ပတ်ဝန်းကျင်တွင် သဘာဝဘေးဆိုင်ရာသတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ပေးပို့ဆက်သွယ်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တောင်ကြီးမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှတစ်ဆင့် အလယ်ကယန်းကျေးရွာအုပ်စု ဆီးဘူးကျေးရွာနှင့် ကျေးရွာ ၁၅ ရွာဖြင့်ချိတ်ဆက်၍ ကြိုတင်သတိပေးစနစ်များ ဆက်သွယ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ကိုထွေး(ဖယ်ခုံ)**

# မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။)**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (၁) ကို ပယ်ဖျက်ရမည်။

( ခ ) ပုဒ်မခွဲ (၅) ၌ပါရှိသော "the age of thirteen years" ဆိုသည့် စကားရပ်ကို "the age of fifteen years" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ဂ ) ပုဒ်မခွဲ (၈) ၌ ပါရှိသော "the dominions of His Britannic Majesty" ဆိုသည့် စကားရပ်ကို "the Republic of the Union of Myanmar" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မ ၄၊ ပုဒ်မ ၇၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၈၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၄၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၃ နှင့် ပုဒ်မ ၄၄ တို့တွင်ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "the District Court" ဆိုသည့်စကားရပ်ကို "the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၄။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၇ တွင် ပါရှိသော "the Supreme Court of Judicature in England" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၇-က၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မ ၃၇၊ ပုဒ်မ ၅၀၊ ပုဒ်မ ၅၅ ၏ ခြွင်းချက်၊ ပုဒ်မ ၅၆ နှင့် ပုဒ်မ ၅၇ တို့တွင်ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

Reference of High Court of the Region or High Court of the State.

"9. When any question of law or usage having the force of law arises at any point in the proceedings previous to the hearing of any suit under this Act by a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court or at any subsequent stage of such suit, or in the execution of the decree therein or order thereon, the Court may, either of its own motion or on the application of any of the parties, draw up a statement of the case and refer it, with the Court's own opinion thereon, to the decision of the High Court of the Region or the High Court of the State.

If the question has arisen previous to or in the hearing, the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court may either stay such proceedings, or proceed in the case pending such reference and pass a decree contingent upon the opinion of the High Court of the Region or the High Court of the State upon it.

If a decree or order has been made, its execution shall be stayed until the receipt of the order of the High Court of the Region or the High Court of the State upon such reference."

၇။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၁၃ နှင့် ပုဒ်မ ၁၆ တို့တွင်ပါရှိသော "a District Court" ဆိုသည့်စကားရပ်ကို "a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "the High Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၁၇-ကတွင် ပါရှိသော "as is exercisable in England by the King's Proctor," ဆိုသည့်စကားရပ်နှင့် "to exercise duties of King's Proctor" ဆိုသည့် စကားရပ်တို့ကို ပယ်ဖျက်ရမည်။

၉။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၅၆ တွင် ပါရှိသော "or of any Division Court" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၀။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၅၆ နှင့် ပုဒ်မ ၅၇ ၏ ခြွင်းချက်တို့တွင် ပါရှိသော "the Supreme Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၆၂ တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အာဆီယံအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ဥက္ကဋ္ဌ ဒေါ်စုစုလွင် အာဆီယံပါလီမန်များညီလာခံ အထွေထွေအတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၆**

နိုင်ငံတော်သမ္မတ၏ ဇနီး၊ အာဆီယံအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (WAIPA-Women Parliamentarians of AIPA) ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်သည် အာဆီယံပါလီမန်များ ညီလာခံ အထွေထွေအတွင်းရေးမှူးချုပ် Hon.Mr.Isra Sunthornvut, Secretary General of AIPA အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ကော်မတီရေးရာဆောင်(I-5)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပမည့် (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ၌ အာဆီယံ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ ကော်မတီ အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်း အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအကြောင်းကို ဆွေးနွေးသည်။

ယင်းတွေ့ဆုံပွဲသို့ အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ ပူးပေါင်းကော်မတီဝင် ဒေါ်ပြုံးကေသီနိုင်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဝင် ဦးဖြိုးဇေယျာသော် တို့တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီးများ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး၊ သံတွဲမြို့ မြို့မိမြို့ဖများနှင့်တွေ့ဆုံ

**သံတွဲ ဩဂုတ် ၁၆**

ရခိုင်ပြည်နယ်၌ ရောက်ရှိနေသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် စစ်တွေမြို့မှ သံတွဲမြို့သို့သွားရောက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် ခရမ်းမော်လျှိုပိတ်ဆည်ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သံတွဲခရိုင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးကုသမှုခံယူနေသည့် လူနာများအား ကြည့်ရှုအားပေးကာ **(အောက်ပုံ)** ဆေးရုံတိုးချဲ့တည်ဆောက်ရေး အစီအမံများကို ဆေးရုံတာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းကြသည်။



မွန်းလွဲပိုင်းတွင် သံတွဲခရိုင် အဏ္ဏဝါဧည့်ရိပ်သာ၌ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးများက ပြည်ထောင်စုအစိုးရသည် ရခိုင်ပြည်နယ်အရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းရေးသည် အရေးပါကြောင်းနှင့် တည်ငြိမ်အေးချမ်းမှ သာလျှင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားကြသည်။

သံတွဲမြို့ မြို့မိမြို့ဖများက စာသင်ကျောင်းဆောင်များ ပြုပြင်တည်ဆောက်ရေး၊ ငပလီ၌ ဆေးရုံတည်ဆောက်ပေးရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြသည်။

**သတင်းနှင့် ဓာတ်ပုံ**
**အေဝမ်းစိုး၊ မျိုးသူဟိန်း**

# လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဖွင့်

**ကျောက်ဆည် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ဘယ်လင်းပင်မခွဲရုံ အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက ဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေး ရက်တိုမွမ်းမံသင်တန်း ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏လမ်းညွှန်မှု၊ MESC ရုံးချုပ်နှင့် ခရိုင်လျှပ်စစ်မန်နေဂျာရုံးတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ အင်ဂျင်နီယာ ဝန်ထမ်းများအား 66/33/11/0.4KV ဓာတ်အားခွဲရုံနှင့်လိုင်းများ တည်ဆောက်ထိန်းသိမ်းပြုပြင်မောင်းနှင်ခြင်း၊ ပြည်သူနှင့်ဝန်ထမ်းများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့ကို စာတွေ့လက်တွေ့ပို့ချသွားမည်ဖြစ်ပြီး အပြန်အလှန် ဆွေးနွေးမှုများ ပြုလုပ်ကာ သင်တန်းကာလတွင် မရှင်းလင်းသည်များကို မေးမြန်းမှတ်သား၍ လုပ်ငန်းခွင်တွင် သေချာလုပ်ဆောင်သွားကြရန် ခရိုင်မန်နေဂျာ ဦးမင်းမင်းက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Bhim K. Udas အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံကြား ကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုတို့နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ AIPAအထွေထွေအတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၆**

အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် အာဆီယံပါလီမန်များ ညီလာခံ အထွေထွေ အတွင်းရေးမှူးချုပ် Mr.Isra Sunthornvut အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ကော်မတီရေးရာဆောင် (I-5)၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် AIPAအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲသင့်သည့် အချက်များ၊ AIPA Awareness Program ကို လူထုပိုမိုသိရှိရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ ဒေသအတွင်း လူမှုစီးပွား တိုးတက်မှုအခြေအနေများ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၊ အာဆီယံဒေသအတွင်း လွှတ်တော်များဆိုင်ရာ သိရှိလိုသည့်အကြောင်းအရာများ၊ (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံတွင် ဆောင်ရွက်မည့်ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဩဂုတ် ၁၆ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ အမှတ်(၄၉၆)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ်ဒီမိုကရေစီပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၈-၂၀၁၇ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ် တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ်ဒီမိုကရေစီပါတီ၏ အလံပုံစံ**



**ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ်ဒီမိုကရေစီပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မောင်တောမြို့၊ ဘူးသီးတောင်မြို့၊ ရသေ့တောင်မြို့(မေယုဒေသ) လက်ရှိဖြစ်စဉ်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

မောင်တောမြို့၊ ဘူးသီးတောင်မြို့၊ ရသေ့တောင်မြို့ (မေယုဒေသ) လက်ရှိဖြစ်စဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် အောင်မြေဗောဓိသာသနာ့ရိပ်သာ ဆရာတော်ဦးမဏိသာရ၊အောင်မင်္ဂလာကျေးရွာ ဆရာတော်ဦးသီလဝံသနှင့် ဘူးသီးတောင်မြို့အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဦးသောဘိတတို့က ဩဝါဒစကားမိန့်ကြားကြပြီး ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်သိန်းနှင့် ဦးမောင်အုံးတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ မောင်တောမြို့၊ ဘူးသီးတောင်မြို့နှင့် ရသေ့တောင်မြို့တို့တွင် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်မှုများနှင့်ပတ်သက်၍ မြို့နယ်အလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တာဝန်ရှိသူများက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာအခြေအနေများ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေများအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော မီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

သတင်းစာရှင်းလင်းပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ မောင်တောမြို့ အရေးပေါ်ကူညီပံ့ပိုးရေးအဖွဲ့ ဥက္ကဋ္ဌက "ကျွန်တော်တို့ဒေသရဲ့ အခြေအနေတွေ၊ ဒေသခံတွေ တကယ်လက်တွေ့ခံစားနေရတဲ့အခြေအနေတွေ၊ ဒီဒေသမှာ အရင်အချိန်တွေမှာ ဘာတွေဖြစ်ခဲ့တယ်၊ အခုပစ္စုပ္ပန်မှာ ဘာတွေဖြစ်နေတယ်။ နောင်အနာဂတ်မှာ ဘာတွေဆက်လုပ်ဖို့ရှိတယ်ဆိုတာတွေကို မီဒီယာတွေသိရှိပြီး တစ်နိုင်ငံလုံးကို တင်ပြသွားနိုင်ဖို့ ကျင်းပတာဖြစ်ပါတယ်" ဟု ပြောသည်။

တွေ့ဆုံပွဲ တက်ရောက်လာသည့် ကျေးရွာသားတစ်ဦးက "ကျွန်တော်တို့ဆီမှာ လုံလုံခြုံခြုံမရှိသရွေ့ နေရတာအဆင်မပြေဘူး။ ဒါကြောင့် စီးပွားရေး၊ လုံခြုံရေးဟာ အရေးကြီးတဲ့အတွက် နှီးနှောဆွေးနွေးဖို့ လာခဲ့တာပါ။ ကျွန်တော်တို့နယ်မြေ မအေးချမ်းသရွေ့ စီးပွားရေးတွေ ကျဆုံးရပါတယ်။ အခက်အခဲအမျိုးမျိုးကြုံတွေ့ရပါတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့ အစည်းအဝေးတက်တာဖြစ်ပါတယ်"ဟု ပြောသည်။




တွေ့ဆုံပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မောင်တောမြို့ အရေးပေါ် ကူညီပံ့ပိုးရေးအဖွဲ့ဝင်များ၊ မောင်တောမြို့၊ဘူးသီးတောင်မြို့နှင့် ရသေ့တောင်မြို့များမှ သံဃာတော်များနှင့်ရပ်မိရပ်ဖများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-မျိုးသူဟိန်း**

# ASEAN Tourism Forum 2018 ကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၆**

၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ASEAN Tourism Forum 2018 ကို ကျင်းပသွားမည်ဖြစ်သည်ဟု အဆိုပါဖိုရမ်နှင့် ပတ်သက်၍ ပြုလုပ်သည့် ASEAN Clean Tourist City Standard နှင့် ASEAN Sustainable Tourism Award Guideline များ အကောင်အထည်ဖော်ရေးညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဖိုရမ်တွင် ASEAN Green Hotel, Clean Tourist City Standard MICE Standard နှင့် Sustainable Tourism Award ဟူ၍ စုစုပေါင်းဆုအမျိုးအစား လေးမျိုးပေးအပ်သွားမည်ဖြစ်ကြောင်း အစည်းအဝေးမှ သိရသည်။

ထို့ပြင် Clean Tourist City Standard အကောင်အထည်ဖော်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်မည့်မြို့သုံးမြို့ကို ရွေးချယ်နိုင်ရေးနှင့် Sustainable Tourism Award အတွက် Urban နှင့် Rural အတွက် မြို့တစ်မြို့စီကို ရွေးချယ်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း အဆိုပါ အစည်းအဝေးမှ သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားနှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မြန်အောင်ရေနံမြေရုံးသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မြန်အောင်ရေနံမြေစက်ရုံမှူးတို့က မြန်အောင်ရေနံမြေ၏ဆောင်ရွက်မှု၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ လအလိုက် နေ့စဉ် ရေနံထုတ်လုပ်မှုလျာထားချက်နှင့် အမှန်ထုတ်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်အောင်-ကြံခင်း-ဘက်ရဲလမ်းအပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ပုသိမ်-မုံရွာလမ်း(ဘက်ရဲ-ဥသျှစ်ပင်အပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဥသျှစ်ပင် ပင်မဓာတ်အားခွဲရုံ Control Room နှင့် Switch Yard တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ဥသျှစ်ပင် ပင်မဓာတ်အားခွဲရုံမှာ ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ စက်ရုံများ၊ မြို့၊ ရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး၊ ရခိုင်ပြည်နယ်သို့ မဟာဓာတ်အားလိုင်း ပို့လွှတ်နိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ထားပြီး ဓာတ်အားအဝင်လိုင်းအနေဖြင့် ၂၃၀ ကေဗွီ ရွှေတောင်-ဥသျှစ်ပင် ဓာတ်အားလိုင်းတစ်လိုင်း၊ ဓာတ်အားအထွက်လိုင်း ၂၃၀ ကေဗွီ တောင်ကုတ်လိုင်းတစ်လိုင်းနှင့် ၆၆ ကေဗွီ ညောင်ခြေထောက်၊ ဆင်တဲ၊ မသုန်၊ မြန်အောင်၊ ကမြိုင်နှင့် ကံမလိုင်း ခြောက်လိုင်းတို့ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥသျှစ်ပင် ပင်မဓာတ်အားခွဲရုံမှ ထွက်ခွာလာပြီး ဥသျှစ်ပင်-ပန်းတောင်း - ပြည်လမ်းပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ နဝဒေးတံတားကြံ့ခိုင်မှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကာ ပြည် နဝဒေးရိပ်သာ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ခရိုင်၊ မြို့နယ်နှင့်အထူးအဖွဲ့များမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရွှေတောင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်းရှိ Control Room မှတစ်ဆင့် ဓာတ်အားစနစ်အတွင်းသို့ ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်အားဖြန့်ဖြူးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့တိုင်းဒေသကြီး လျှပ်စစ်ရုံးသို့ရောက်ရှိပြီး ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံကာ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်း လျှပ်စစ်မီးပိုမိုရရှိရေးကို နည်းမျိုးစုံဖြင့် အဘက်ဘက်မှ ကြိုးပမ်းလျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမြင့်တက်လာသည် နှင့်အမျှ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရေးမှာလည်း အဓိကအခန်းကဏ္ဍမှာ ပါဝင်ကြောင်း၊ ပြည်သူလူထုကို ဝန်ဆောင်မှုအကောင်းဆုံး ဖြည့်ဆည်းပေးနိုင်သော လျှပ်စစ်ဝန်ထမ်းများဖြစ်ရန်လိုကြောင်း မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်-အောင်လံ-တောင်တွင်းကြီးလမ်းအပိုင်းနှင့် နေပြည်တော်-တောင်ညို-ချောင်းနက်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဘတ်စ်ကားသစ် အစီး ၁၀၀၀ ၏ သုံးပုံနှစ်ပုံခန့် YBS ယာဉ်လိုင်းများတွင် ဝင်ရောက်ပြေးဆွဲ

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဝယ်ယူထားသော တရုတ်နိုင်ငံမှ Yutong နှင့် Ankai ဘတ်စ်ကားသစ် အစီး ၁၀၀၀ အနက် သုံးပုံနှစ်ပုံခန့်မှာ YBS ယာဉ်လိုင်းများတွင် ဝင်ရောက်ပြေးဆွဲနေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။



အစိုးရချင်း ချိတ်ဆက်မှုဖြင့် ဝယ်ယူထားသော ဘတ်စ်ကားသစ် အစီး ၁၀၀၀ တွင် YBPC ကုမ္ပဏီကို ဘတ်စ်ကားအစီး ၅၀၀ နှင့် YUPT ကုမ္ပဏီကို ဘတ်စ်ကားအစီး ၅၀၀ ထည့်သွင်းကာ အဆိုပါကုမ္ပဏီတို့၏ လက်အောက်ရှိ ယာဉ်လိုင်းများတွင် ဝင်ရောက်ပြေးဆွဲစေလျက်ရှိရာ YBPC ကုမ္ပဏီအုပ်ချုပ်မှု လက်အောက်ရှိ ယာဉ်လိုင်းတွင် ကားလိုင်း လေးလိုင်း၊ YUPT ကုမ္ပဏီ အုပ်ချုပ်မှုလက်အောက်ရှိ ယာဉ်လိုင်းတွင် ယာဉ်လိုင်း ခုနစ်လိုင်းတို့၌ ကားသစ်များ ထည့်သွင်းပြေးဆွဲစေလျက်ရှိသည်ဟု ဒေါက်တာမောင်အောင်က ပြောသည်။

"အခုဆိုရင် ကားသစ် သုံးပုံနှစ်ပုံလောက်က YBS လိုင်းတွေထဲမှာ ဝင်ရောက်ပြေးဆွဲနေပါတယ်။ YBPC ကုမ္ပဏီလက်အောက်မှာတော့ ကားသစ်အစီး ၂၀၀ လောက် ထည့်သွင်းပြေးဆွဲပေးဖို့ ကျန်ရှိနေပါသေးတယ်။ အဲဒီမှာလိုင်းသစ်တွေ တိုးချဲ့ပေးမလား၊ ရှိရင်းစွဲလိုင်းတွေရဲ့ လိုအပ်ချက်ရှိတဲ့နေရာတွေမှာ ထည့်သွင်းပြေးဆွဲမလားဆိုတာကို သုံးသပ်ဆွေးနွေးနေပါတယ်။ YBPC က ပြေးဆွဲနေတဲ့ လိုင်းသစ်အနေနဲ့ လှည်းကူးလိုင်းရယ်၊ သာကေတကနေ ကြည့်မြင်တိုင်သွားတဲ့လိုင်းကတော့ လူစီးများပြီး အောင်မြင်ပါတယ်။ YUPT အနေနဲ့ကလည်း လိုင်း ခုနစ်လိုင်းမှာ ကားသစ်တွေကို မျှတခွဲဝေပြီး ပြေးဆွဲပေးနေပါတယ်"ဟု ၎င်းက ပြောသည်။

YBPC ကုမ္ပဏီအနေဖြင့် ဆူးလေ-ဒဂုံတက္ကသိုလ်ခရီးစဉ်၊ ဆူးလေ-လှည်းကူးခရီးစဉ်၊ သာကေတ-ကြည့်မြင်တိုင်ခရီးစဉ်နှင့် ယခင် YBS ၃၇ ယာဉ်လိုင်းတွင် လမ်းကြောင်းနှင့် ယာဉ်အစီးရေ တိုးချဲ့ပြေးဆွဲခြင်းခဲ့ပြီး YUPT ကုမ္ပဏီအနေဖြင့် YBS ၇၊ ၃၆၊ ၂၄၊ ၅၈၊ ၆၅ စသည်ဖြင့် ယာဉ်လိုင်း ၁၀ လိုင်းခန့်တွင် ကားသစ်များ ထည့်သွင်း ပြေးဆွဲပေးလျက်ရှိကြောင်း သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ဘတ်စ်ကားသစ်များ ထည့်သွင်းပြေးဆွဲလာနိုင်ခြင်းနှင့်အတူ YBS ယာဉ်လိုင်းများတွင် ယာဉ်နောက်လိုက်မှ ယာဉ်စီးခ ကောက်ခံမှုစနစ်အစား ယာဉ်စီးခကို ကိုယ်တိုင် ငွေထည့်ပုံးထဲသို့ ထည့်သွင်းစီးနင်းရသည့်စနစ်ကို အကောင်အထည်ဖော်လျက်ရှိပြီး ကတ်စနစ် ငွေပေးချေမှုစနစ်အကောင်အထည်ဖော်နိုင်ရန်အတွက် ဩဂုတ် ပထမပတ်အတွင်း တင်ဒါခေါ်ယူခဲ့ကာ ပြည်တွင်းနိုင်ငံသားပိုင်ကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီများကို အဆိုပြုတင်ဒါ ခေါ်ယူထားကြောင်း သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

**သတင်း-ဆုနှင်းလဲ့**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ပိုမိုကောင်းမွန်စေရန်ရည်ရွယ်၍ ပညာသင်ဆုများချီးမြှင့်

**ရန်ကုန် ဩဂုတ် ၁၆**

မြန်မာနိုင်ငံရှိ ကလေးငယ်များ၏ ပညာရေးပိုမိုကောင်းမွန်လာစေရန်အတွက် တစ်စိတ်တစ်ပိုင်း ကူညီထောက်ပံ့လိုသော ရည်ရွယ်ချက်ဖြင့် ဒုတိယအကြိမ်ကျင်းပသော ကိုးလ်ဂိတ်၏ ၂၀၁၇ ခုနှစ် ပညာသင်ဆု အစီအစဉ်မှ ဆုရရှိသူ ၁၀ ဦးအား ဆုပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသည်။

အဆိုပါပညာသင်ဆုပေးပွဲသည် မြန်မာနိုင်ငံရှိ မိသားစုများနှင့် ၎င်းတို့၏ ကလေးသူငယ်များ၏ စိတ်ကူးအိပ်မက်များ၊ ဘဝရည်မှန်းချက်များ အကောင်အထည်ပေါ်လာစေရန်၊ ကောင်းမွန်သောပညာရေးဖြင့် တစ်စိတ်တစ်ပိုင်း ကူညီပေးနိုင်ရန် အစဉ်အမြဲ အလေးထားဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ ဆုရရှိသူစုစုပေါင်း ၂၇ ဦး ရှိသည့်အနက် ၁၀ ဦး တက်ရောက်၍ ပညာသင်ဆုရယူခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်က ကျင်းပခဲ့သည့် ပညာသင်ဆုအစီအစဉ်အောင်မြင်မှုအပေါ်အခြေခံ၍ ၂၀၁၇ ခုနှစ်တွင် ဆုအရေအတွက် စုစုပေါင်း ၁၆၅ ဆုပေးအပ်ရန် ဆုံးဖြတ်ခဲ့ပြီး မြန်မာနိုင်ငံကလေးငယ်များအတွက် ပညာသင်ဆုပမာဏ စုစုပေါင်း မြန်မာကျပ်ငွေ သန်း ၈၀ ယခင်နှစ်ထက် တိုးမြှင့်ထောက်ပံ့မှုအဖြစ် ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ ပထမဆုကြီး သုံးဆု၊ သိန်း ၃၀ တန်ဖိုးရှိ ဒုတိယဆုကြီး ငါးဆုနှင့် သုံးသိန်းတန်ဖိုးရှိ တတိယဆုကြီး ၁၅၇ ဆု ပါဝင်ခဲ့သည်။ ယခုနှစ်ပညာသင်ဆုအစီအစဉ်ကို ယခုနှစ် မေ ၁ ရက်မှစတင်ခဲ့ကာ မြန်မာနိုင်ငံအနှံ့အပြားမှ ရွေးချယ်ခဲ့ပြီး မန္တလေး၊ နေပြည်တော်၊ စစ်ကိုင်း အပါအဝင် နိုင်ငံအနှံ့မှ ကံထူးရှင်ကလေးငယ်များ ထွက်ပေါ်လာခဲ့ကြောင်း သိရသည်။

ကလေးများအတွက် ပညာရေးဆိုင်ရာ လိုအပ်ချက်များအား ကူညီထောက်ပံ့ပေးခြင်းသည် အဓိကကျသည့် လူမှုအကျိုးပြုလုပ်ငန်းဆိုင်ရာ တစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် အမှန်တကယ်လိုအပ်လျက်ရှိသည့် ကလေးငယ်များကို ကူညီပံ့ပိုးပေးခြင်း အစီအစဉ်များ၏ တစ်စိတ်တစ်ဒေသလည်းဖြစ်ရာ နှစ်စဉ်လည်း ဆက်လက်ကူညီပံ့ပိုး အကျိုးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **(အေးမင်းသူ)**

# မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ မိတ်ဆက်ခြင်းနှင့် ကော်မတီဝင်များ ရွေးချယ်

**ရေတာရှည် ဩဂုတ် ၁၆**

ကျေးလက်ဒေသများ ဆင်းရဲမှုလျှော့ချရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ မိတ်ဆက်ခြင်းနှင့် ကော်မတီဝင်များရွေးချယ်ခြင်းကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဦးစီးဌာနက ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် ဆွာမင်းလမ်းကျေးရွာအုပ်စု ကညင်အိုင်ကျေးရွာနှင့် ကုန်းကြီးကျေးရွာအုပ်စု ကုန်းကြီးကျေးရွာတို့တွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နိုင်ငံတော်က စီမံကိန်းဝင်ကျေးရွာများအား အရင်းမပျောက်မတည်ငွေကျပ်သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မိမိတို့ရရှိသော ငွေကြေးဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို မှန်မှန်ကန်ကန်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ရေတာရှည်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၂၇ ရွာအား ငွေကျပ် သိန်းပေါင်း ၉၁၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ကိုးရွာအား အရင်းမပျောက် မတည်ငွေကျပ် သိန်းပေါင်း ၂၇၀၀ ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ကျန်းမာရေးပညာပေးမှုနှင့် ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်

**ပင်လည်ဘူး ဩဂုတ် ၁၆**

ပင်လည်ဘူးမြို့၌ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းကို ဩဂုတ် ၁၅ ရက်က ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ပြုလုပ်ရာ တာဝန်ရှိသူများက အာဟာရ၊ သွားနှင့်ခံတွင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် H1N1 ရောဂါအကြောင်း စသည့် ကျန်းမာရေးနှင့်ပတ်သက်သော သိကောင်းစရာများကို ဟောပြောကြသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၁၆၀ တို့အား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့သည်။ **မျိုးလွင်(ပြန်/ဆက်)**

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ချစ်ကြည်ရေးတံတားဖွင့်

**ရိခေါဒါရ် ဩဂုတ် ၁၆**

အိန္ဒိယနိုင်ငံ လွတ်လပ်ရေးနေ့(၂၀၁၇) အထိမ်းအမှတ်ဖြင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ် ချစ်ကြည်ရေး တံတားဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၁၁ နာရီတွင် အဆိုပါ နှစ်နိုင်ငံနယ်စပ်ချစ်ကြည်ရေးတံတား မုခ်ဦး(အိန္ဒိယဘက်ကမ်း)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘက်မှ ချင်းပြည်နယ် ဟားခါးမြို့အခြေစိုက် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး နေမျိုးဇော်နှင့် အိန္ဒိယနိုင်ငံဘက်မှ Assam Rifle Brigadier M.S MOKHA တို့က နှစ်နိုင်ငံနယ်စပ်ချစ်ကြည်ရေး တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် ချင်းပြည်နယ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး နေမျိုးဇော်က Assam Rifle တပ်မတော်နယ်လှည့် ဆေးကုသခြင်းလုပ်ငန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး Assam Rifle တပ်မတော် ဆေးဘက်ဆိုင်ရာ ဆရာဝန်များနှင့် ရိခေါဒါရ်မြို့ တိုက်နယ်ဆေးရုံမှ လက်ထောက် ဆရာဝန် ဒေါက်တာထောင်းထာပဲန်းလျန်နှင့် သူနာပြုဆရာမများက ပူးပေါင်းကူညီ၍ နှစ်နိုင်ငံနယ်စပ် ဒေသရှိ ပြည်သူများ၏ ကျန်းမာရေး အခြေအနေ ကြည့်ရှုစစ်ဆေးကုသပေးခြင်း၊ အထွေထွေရောဂါစစ်ဆေး ကုသခြင်းနှင့် သွားဘက်ဆိုင်ရာ ပြုစု ကုသမှုများ ဆောင်ရွက်ပေးကြောင်း သိရသည်။

ထို့အပြင် Assam Rifle မှ ပေးအပ်လှူဒါန်းသည့် အိမ်သုံးဆိုလာမီးအိမ်ငယ် ၈၀၀ ခန့်ကို ချင်းပြည်နယ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး နေမျိုးဇော်နှင့် Assam Rifle Brigadier M.S MOKHA တို့က နယ်စပ်ဒေသပြည်သူများထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် နှစ်နိုင်ငံ တပ်မတော်ချစ်ကြည်ရေး ဘော်လီဘော ပြိုင်ပွဲကို ပြုလုပ်ရာ ပြိုင်ပွဲဝင် တပ်မတော် အားကစားသမားများအား ဆုများအသီးသီးချီးမြှင့်ပေးကြောင်း သိရသည်။

**ရိခေါဒါရ်(မြန်/ဆက်)**

**○ အချိန်ပိုသွင်းဂိုးများမှ**

မြန်မာ ယူ-၂၂ အသင်းသည် စင်ကာပူ အသင်းကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲ ပြုလုပ်ခဲ့သည်။ အောင်ကောင်းမာန်ကို အနားပေးခဲ့ပြီး ရဲရင့်ထွန်းကို ထည့်သွင်းကစားခဲ့ကာ တိုက်စစ်တွင် အောင်သူနှင့် မောင်မောင်လွင်ကို တွဲပေးခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ပထမဆုံးပွဲကစားရသည့် လာအို အသင်းသည် အင်ပြည့်အားပြည့်ရင်ဆိုင်ခဲ့ရာ မြန်မာအသင်း ခက်ခက်ခဲခဲကစားခဲ့ရသည်။ မြန်မာအသင်းကို ဦးဆောင်သည့် တိုက်စစ်မှူး အောင်သူနှင့် ကွင်းလယ်ကစားသမား ချိတ်ဆက်မရအောင် တားဆီးနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းသည် ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ၃၈ မိနစ်မှသာ ဂိုးရခဲ့သည်။ မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကို တိုက်စစ်မှူး အောင်သူက လာအိုနောက်ခံလူ တစ်ဦးကိုလိမ်ကာ ကန်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် လာအိုအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာခဲ့ပြီး ၆၂ မိနစ်တွင် ဂိုးပြန်ပေးခဲ့ရသည်။

မြန်မာအသင်းသည် မထင်မှတ်ဘဲ ဂိုးများပေးလိုက်ရသောကြောင့် အနိုင်ဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့သည်။ မောင်မောင်စိုး၊ ရွှေကိုတို့ ဝင်လာပြီး နောက်ပိုင်းတွင် တိုက်စစ်ပိုကောင်းလာကာ လာအိုအသင်းဘက်သို့ ဖိအားပေးနိုင်ခဲ့သည်။ လာအိုအသင်းသည် သရေတစ်မှတ်ရရန် ကြိုးပမ်းခဲ့ပြီး သရေရလဒ်ကို ထိန်းကစားခဲ့သည်။ ၉၂ မိနစ်တွင် မြန်မာအသင်း ဒုတိယဂိုးရခဲ့ပြီး ရွှေကိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ကစားအားပိုတက်လာပြီး ၉၄ မိနစ်တွင် လှိုင်းဘိုဘိုက တတိယဂိုးသွင်းယူခဲ့သည်။

မြန်မာအသင်းသည် နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲစလုံးအနိုင်ရကာ ခြောက်မှတ်ဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းသွားခဲ့ပြီး တတိယပွဲအဖြစ် ဩဂုတ် ၁၈ ရက်တွင် ဘရူနိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယခုပွဲကို မြန်မာပရိသတ်အများအပြားလာရောက်အားပေးသော်လည်း ပြိုင်ပွဲကျင်းပရေးကော်မတီက လက်မှတ်စောင်ရေ ၅၀၀ သာရောင်းချခဲ့ပြီး ကွင်းထဲတွင် ထိုင်ခုံလွတ်များစွာ ကျန်သေးသော်လည်းရောင်းချခြင်းမရှိရာ မြန်မာပရိသတ်များ ကွင်းပြင်ပမှသာ အားပေးခဲ့ရကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-မလေးရှား)**

**● ကျောဖုံးမှ**

ကျွန်တော်တို့ မြန်မာအသင်း အုပ်စုတက်ဖို့လည်း အလားအလာကောင်းသွားပြီ။ အုပ်စုကတော့ တက်မှာပါ။ မလေးရှားအသင်းကိုတော့ နည်းနည်းအားစိုက်ရမယ်။ အိမ်ရှင်ဆိုတော့ ပိုဆိုးတာပေါ့။ ဒီနှစ်ဆီးဂိမ်းမှာ ကျွန်တော်တို့ မြန်မာအသင်း ရွှေရလိမ့်မယ်လို့ မျှော်လင့်မိတယ်။ အဖွင့်ပွဲမှာကတည်းက အားရတယ်။ အရင်ထက်စာရင်တော့ ကောင်းလာတယ်လို့ပဲပြောရမယ်။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံကိုပဲ ကိုယ်နိုင်စေချင်ကြတာပါ။ ဆီးဂိမ်းရွှေတံဆိပ်ဆုဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ မျှော်မှန်းချက်ဆုတံဆိပ်ကြီးပါ။ ဒီနှစ်တော့ ရပါစေလို့ ဆုတောင်းတယ်။ နောက်ပွဲတွေလည်း ဆက်လက်အားပေးသွားမှာပါ။ နိုင်ပွဲတွေဆက်နေသ၍ ကျွန်တော်တို့ဒီမှာလာအားပေးရတာ အားပိုရှိပါတယ်။ ဒီနေ့အားပေးရတာ ပိုပြီးအားရကျေနပ်မှု ရှိပါတယ်”ဟု လာရောက်ကြည့်ရှုအားပေးသူ ဦးမြင့်အောင်က ပြောသည်။

ယနေ့ ယှဉ်ပြိုင်သော အုပ်စုဒုတိယပွဲစဉ်တွင် မြန်မာအသင်းက လာအိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ မြန်မာအုပ်စုပွဲစဉ်များဖြစ်သည့် ဩဂုတ် ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနှင့်ဘရူနိုင်း၊ ဩဂုတ် ၂၁ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် မလေးရှားနှင့်မြန်မာ ပွဲစဉ်များကိုလည်း မြို့တော်ခန်းမရှေ့၌ မြန်မာဘောလုံးချစ်ပရိသတ်များအတွက် LED ပရိုဂျက်တာများဖြင့် ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ဗိုဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၆**

သွေးလိုအပ်နေသည့်လူနာများအား ဗိုဝိတဒါနအသက်ကယ်နိုင်ရန် ရည်မှန်းပြီး သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက ဝါတွင်းစုပေါင်း သွေးလှူဒါန်းပွဲ ကျင်းပရန်ရှိကြောင်း သိရသည်။

အဆိုပါ (၁၈)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၃၀ ရက်(စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)ရှိ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်သည်။

ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲ၌ ပါဝင်လှူဒါန်းလိုသူများသည် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း -၅၅၂၉၇၅၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ စက်တင်ဘာ ၂၉ ရက်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပညာရေးအတွက်အနုပညာပွဲ ယနေ့လူငယ်များအတွက် ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၆**

“Art for Education (ပညာရေးအတွက် အနုပညာ)” အမည်ရှိ ပရဟိတ လေလံပွဲကို ဩဂုတ် ၁၉ ရက် (စနေနေ့) ညနေ ၆ နာရီမှ ည ၈ နာရီအထိ ပါရမီကောလိပ်၌ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ ဤပရဟိတ လေလံပွဲကို တိုင်းရင်းသားလူမျိုးများ၊ လူမှုရေးနယ်ပယ်အသီးသီးမှ ကျောင်းသားများအတွက် ပညာတော်သင်ဆုများ ပေးအပ်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဤပရဟိတလေလံပွဲမှတစ်ဆင့် ပါရမီကောလိပ်၏ ဘွဲ့လွန်ပညာရေး အစီအစဉ်ဖြစ်သည့် Parami Leadership Program ၏ ဒုတိယ၊ တတိယနှင့် စတုတ္ထအသုတ်တွင် တက်ရောက်ကြမည့် ကျောင်းသား ၃၀ အတွက် ပညာတော်သင်ဆု အခွင့်အလမ်းများဖန်တီးပေးနိုင်ရန် ရည်မှန်းထားသည်။ PLP အစီအစဉ်သည် ဘွဲ့လွန်ကျောင်းသားများတွင် ဝေဖန်ပိုင်းခြားစိစစ် တွေးခေါ်နိုင်ခြင်း၊ ဘာသာရပ်ခြားစိစစ်တွေးခေါ်နိုင်ခြင်းနှင့် ထိမိပိုင်နိုင်သော ဆက်ဆံမှုစွမ်းရည်များ အစရှိသည့် ခေါင်းဆောင်မှုနှင့်အနုဝိဇ္ဇာပညာရေး ကျွမ်းကျင်မှုများသာမက သုတေသနနှင့် ထိရောက်သည့် စာရေးသားမှုစွမ်းရည်များကို သင်ကြားပျိုးထောင်ပေးသည့် အစီအစဉ်ဖြစ်သည်။ ပညာတော်သင်ဆုတွင် သင်ကြားစရိတ်အပြည့်အဝနှင့် ထောက်ပံ့ကြေးကို ကျောင်းသား ၃၀ အတွက် စုစုပေါင်းအမေရိကန်ဒေါ်လာ ၄၅၆၀၀ ပါဝင်မည်ဖြစ်သည် ဟု သိရသည်။

“အနုပညာကို မြတ်နိုးသူတွေအတွက်သာမဟုတ်ပါဘူး။ အနာဂတ် မြန်မာ့ခေါင်းဆောင်တွေကို ပျိုးထောင်ပေးမယ့် လုပ်ဆောင်ချက်ကောင်းတွေကို ပံ့ပိုးကူညီပေးမယ့် အစီအစဉ်လည်းဖြစ်ပါတယ်။ Parami Leadership Program ဟာ ယနေ့ခေတ်ရဲ့လူငယ်များကို မနက်ဖြန်ရဲ့ခေါင်းဆောင်များ ဖြစ်လာစေဖို့ ပြင်ဆင်ပေးမယ့် ခိုင်မာတဲ့ အစီအစဉ်တစ်ခု ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်တဲ့အတွက် အခုပြုလုပ်တဲ့အစီအစဉ်မှာ ပါဝင်ကူညီကြဖို့ လူတိုင်းကို ကျွန်တော် ဖိတ်ကြားလိုပါတယ်” ဟု ကျင်းပရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ပန်းချီအနုပညာရှင်များဖန်တီးထားသည့် မတူညီသည့် ပန်းချီကားခြောက်ကားကို ပြသသွားမည်ဖြစ်ကာ ပန်းချီကားတစ်ခုစီတွင် ထင်ရှားထူးခြားသည့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့လူ့အဖွဲ့အစည်းကို ထင်ဟပ်ပြသထားသည်။ ဤအခမ်းအနားကို နဝဒေးသာလာ အနုပညာပြခန်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး နာမည်ကျော်မြန်မာ့ပန်းချီပညာရှင်များ၏ လက်ရာများကို ပြသသွားမည်ဖြစ်သည်။

**(ဇာဏီ)**

# ဘားအံ၌ H1N1 ရောဂါဖြင့် လူနာတစ်ဦးသေဆုံးခဲ့ကြောင်း ဓာတ်ခွဲစစ်ဆေးချက်အရအတည်ပြု

**ဘားအံ ဩဂုတ် ၁၆**

ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသပြီးသေဆုံးခဲ့သည့် ကလေးငယ်မှာ ရန်ကုန်အမျိုးသားဓာတ်ခွဲဌာန၏ဆေးစစ်ချက်အဖြေအရ H1N1 ရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်က ဩဂုတ် ၁၅ ရက်တွင် အတည်ပြုပြောကြားသည်။

အဆိုပါရောဂါဖြင့်သေဆုံးသူသည် ဘားအံမြို့ အမှတ်(၁)ရပ်ကွက် အုတ်ဖိုလမ်း၌ နေထိုင်သည့် အသက်(၄)နှစ်အရွယ် ကလေးငယ်တစ်ဦးဖြစ်ပြီး ဩဂုတ် ၁၁ ရက် နံနက် ၂ နာရီ ၅ မိနစ်ခန့်တွင် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူပြီး နံနက် ၁၁ နာရီခွဲခန့်တွင် သေဆုံးခဲ့ခြင်းဖြစ်သည်။ လိုအပ်သည့်ကုသမှုများဆောင်ရွက်ပေးသော်လည်း ရာသီတုပ်ကွေးအပြင် ပြင်းထန်အဆုတ်ရောင်ရောဂါဖြစ်သည့်အတွက် RDT Test ပြုလုပ်စစ်ဆေးရာ Positive ထွက်၍ အမျိုးသားဓာတ်ခွဲဌာနသို့ ပေးပို့စစ်ဆေးရာ ဩဂုတ် ၁၃ ရက် ညတွင် ဆေးစစ်ချက်အဖြေအရ H1N1 ဖြင့် သေဆုံးခဲ့ကြောင်း အတည်ပြုခဲ့သည်။

ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ RDT Test ပြုလုပ်စစ်ဆေးသူ ၁၁ ဦးအနက် ခြောက်ဦးမှာ RDT Positive ဖြစ်ပြီး ကလေးငယ်တစ်ဦးသေဆုံးခဲ့ကြောင်း၊ နှစ်ဦးမှာ Negative ဖြစ်ကြောင်း၊ လက်ရှိဆေးရုံတက်ရောက်ကုသသူ ငါးဦးရှိကြောင်း၊ ထိုငါးဦးမှာသေဆုံးသူ ကလေးငယ်၏မိသားစုဝင် သုံးဦးနှင့် သီရိမင်္ဂလာ စာသင်တိုက်မှ ဦးဇင်းတစ်ပါး၊ ကိုရင်တစ်ပါးတို့ဖြစ်ကြောင်း၊ မကြာမီဆေးရုံမှ ဆင်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း သံသယလူနာအဖြစ် ဘားအံပြည်သူ့ဆေးရုံကြီးတွင် ၁၁ ဦး၊ မြဝတီတွင် တစ်ဦး စုစုပေါင်း ၁၂ ဦးရှိပြီး မြန်မာနိုင်ငံတွင် H1N1 ဖြစ်ပွားသည်ဟု တရားဝင်ကြေညာချိန်မှစ၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း၊ ပြည်နယ်အတွင်းရှိဆေးရုံများတွင် H1N1 နှင့်ပတ်သက်၍ ကုသနိုင်ရန်အတွက် ဂိုက်လိုင်းများ၊ SOP များ၊ ကုထုံးများပေးထားပြီးဖြစ်ကြောင်း၊ ဆေးဝါးများလည်း အလုံအလောက်ရှိပါကြောင်း၊ ပြင်းထန်အဆုတ်ရောင်မဖြစ်မီ ဆေးရုံသို့အချိန်မီရောက်ရန်လိုအပ်ကြောင်း သိရသည်။

H1N1 ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကရင်ပြည်နယ်အတွင်း ပညာပေးဟောပြောပွဲများ၊ လက်ကမ်းစာစောင်များ၊ နှာခေါင်းစည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ဆပ်ပြာဆီ၊ ဆပ်ပြာခဲများဖြန့်ဝေထားပြီး လူထုအတွင်း အသိပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၉၁ စီး၊ သွင်းကုန် ၅၃၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများတွင် တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်တွင်ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃ ဒသမ ၅၄၉ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၈၄ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅ ဒသမ ၅၃၃ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၂ ရက်တွင် လားရှိုးမှ ရန်ကုန်သို့သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးကို သတင်းအရ(၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန် စစ်ဆေးရေးအဖွဲ့နှင့် မူးယစ်တပ်ဖွဲ့ဝင်များက ပူးပေါင်းရှာဖွေစစ်ဆေးခဲ့ရာ ခရီးသည်တစ်ဦး၏ ထိုင်ခုံခြေရင်း ကြမ်းပြင်ပေါ်မှ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် တစ်ထပ်၊



WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား။

ကျန်ကျောင်းကြွပ်ကြွပ်အိတ်ဖြင့်တစ်ထပ် ထုပ်ထားသည့် လက်ဖက်ခြောက်အိတ်အတွင်း လက်ဖက်ခြောက်များနှင့် ရောနှောသိုဝှက်သယ်ဆောင်လာသည့် အပြာရောင်ပလတ်စတစ်တစ်အိတ်လျှင် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၁၀ ထုပ်စီးထားသည့် ပါကင်ထုပ်ငါးထုပ်ပါ ပါကင်ထုပ်ကြီးနှစ်ထုပ် စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ (အလေးချိန် နှစ်ကီလိုဂရမ်ခန့်) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၁၀၀ ခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးကောင်းတံတားထိပ်တွင် ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

**မိုးကောင်း ဩဂုတ် ၁၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မိုးကောင်းတံတားထိပ်တွင် သတင်းအရ စောင့်ဆိုင်းရှာဖွေရာ ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိကြောင်း သိရသည်။



ဖြစ်စဉ်မှာ ကျောက်များသယ်ဆောင်လာသော ကားတစ်စီးဖြတ်သန်းလိမ့်မည်ဟူသော သတင်းပေးမှုအရ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်ဝင်းဦးစီးသော တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက် နံနက် ၇ နာရီက မိုးကောင်းတံတားထိပ်တွင် စောင့်ဆိုင်းနေစဉ် မိုးကောင်းမြို့မှ မြစ်ကြီးနားသို့ ဦးအောင်ကိုသက် မောင်းနှင်လာသော အပြာရောင်ခြောက်ဘီးယာဉ် 5A/----ကို ရပ်တန့်စစ်ဆေးရာ ဖွဲ့အိတ်များအောက်တွင် မသင်္ကာဖွယ်ရာတွေ့ရသဖြင့် ယာဉ်ကိုမိုးကောင်းမြို့မရဲစခန်းသို့ မောင်းနှင်စေ၍ သက်သေများရှေ့တွင်စစ်ဆေးရာ ကျောက်စိမ်းအရွယ်စုံကျောက်တုံး ၁၆၃၃ တုံးကို တွေ့ရှိသဖြင့် ခြင်တွယ်ရာ ၂၀၄၇ ပိဿာ ခန့်ရှိကြောင်းတွေ့ရပြီး ပိုင်ရှင်မှာ ဦးညီဇေမင်းကျော်ဖြစ်ကြောင်း ထွက်ဆိုကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းဦးအောင်ကိုသက်၊ ကျောက်ပိုင်ရှင် ညီဇေမင်းကျော် ယာဉ်ပေါ်လိုက်ပါလာသူ ဦးဇင်ကိုလတ်နှင့် ဦးဒိုးလေးအောင်တို့လေးဦးကို မိုးကောင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(မင်းမင်းဦး)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့မရဲစခန်းမှ ဒုတိယရဲအုပ်ကို တရားစွဲအရေးယူ

**နေပြည်တော် ဩဂုတ် ၁၆**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့မရဲစခန်းမှ ဒုတိယရဲအုပ် သိန်းထက်နိုင်(ယခုရဲအုပ်)ကို ပုသိမ်ကြီးမြို့နယ်တရားရုံးတွင် တရားစွဲအရေးယူလိုက်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄)ရပ်ကွက်နေ နစ်နာသူက ရဲအုပ်သိန်းထက်နိုင်သည် ပုသိမ်ကြီးမြို့နယ်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၂၁၇၀/၂၀၁၄ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅ ဖြင့် စစ်ဆေးခံနေရသောအမှုတွင် မမှန်မကန်ဆောင်ရွက်၍ လာဘ်ငွေရယူခြင်းအား အရေးယူပေးပါရန် အမျိုးသားလွှတ်တော်သို့ တိုင်ကြားခဲ့ခြင်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့သည်။

လွှဲပြောင်းတိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ဒုတိယရဲအုပ် သိန်းထက်နိုင် (ယခုရဲအုပ်)သည် ပုသိမ်ကြီးမြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၄၃၆ အမှုကို အမှုစစ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ယင်းအမှုအား မြို့နယ်တရားရုံးသို့ ရာဇဝတ်ကြီးမှုအမှတ် ၂၁၇၀/၂၀၁၄၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် တရားစွဲရာတွင် တရားခံ၏သားဖြစ်သူထံမှ ငွေကျပ် ၁၀ သိန်းကို အကြိမ်ကြိမ်ခွဲ၍ ရယူခြင်း၊ KTV ဆိုင်များသို့ ခေါ်ယူကာ သီဆိုစားသောက်ကုန်ကျစရိတ် ငွေကျပ် ၅၅၀၀၀၀ ကို ရှင်းလင်းစေခိုင်းခဲ့ခြင်းစသဖြင့် အမှုစစ်ရဲအရာရှိအဖြစ်ဆောင်ရွက်စဉ် အဂတိလိုက်စားမှုကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၇ အရ ပုသိမ်ကြီးမြို့နယ်တရားရုံးတွင် ယနေ့တရားစွဲဆို အရေးယူဆောင်ရွက်ခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ နူရုလ္လာရွာသားတစ်ဦး အသတ်ခံရ

**နေပြည်တော် ဩဂုတ် ၁၆**

မောင်တောမြို့နယ် တပ်ဦးချောင်းကျေးရွာအုပ်စု နူရုလ္လာရွာသား တစ်ဦးအား ယမန်နေ့ နံနက်ပိုင်းက တစ်ရွာတည်းနေ သုံးဦးက ဓားဖြင့်ဝိုင်းခုတ်သဖြင့် သေဆုံးသွားကြောင်း သိရသည်။

တပ်ဦးချောင်းကျေးရွာအုပ်စု နူရုလ္လာရွာနေ ဟာဂျီအီနုစ်သည် ယမန်နေ့ နံနက် ၉ နာရီခွဲခန့်က ကွမ်းယာဆိုင်၌ ထိုင်နေစဉ် တစ်ရွာတည်းနေ အူမာရ်(ခ)မာဆောင်း အပါအဝင် သုံးဦးက ဓားဖြင့်ဝိုင်းခုတ်ရာ ညာရင်အုံနှင့် ဦးခေါင်း နောက်စေ့ပြတ်ရှ၊ ညာဝမ်းဗိုက်၊ ညာရင်အုံကြားနှင့် နောက်ကျောကုန်းတို့တွင် ထိုးသွင်းဒဏ်ရာများ ရရှိခဲ့ပြီး မောင်တောဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစဉ် သေဆုံးသွားခဲ့သဖြင့် အူမာရ် (ခ) မာဆောင်း အပါအဝင်သုံးဦးအား ဖမ်းဆီးရမိနိုင်ရေး ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထပ်မံတောင်ပြို

**ဆဒုံး ဩဂုတ် ၁၆**

ကချင်ပြည်နယ် ဆဒုံးမြို့နယ်၌ ဩဂုတ် ၁၅ ရက် မနက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ကြီးနား-ဆဒုံး-ကန်ပိုက်တည်ကားလမ်းပိုင်း မိုင်တိုင် (၁၈/၁၉) ကြားနှင့် (၂၉/၃၀)ကြားတွင်တောင်ပြိုပြီး ကားလမ်းကို မြေပြိုဧရိယာပေ ၁၄၀ ကျော်ထိ ကျောက်တုံး ကျောက်ခဲ မြေစာပုံများ ဖုံးလွှမ်းသွားသဖြင့် ခရီးသည်ယာဉ်နှင့် ကုန်တင်ယာဉ်များသည် တောင်ပြိုရာနေရာများတွင် ရပ်နားထားပြီး တောင်ပြိုရာနေရာများတွင် လမ်းရှင်းလင်းရေးအဖွဲ့က ဘူဒိုဇာနဲ့ ဘက်ဟိုးယာဉ်များဖြင့် ရှင်းလင်းနေပြီး ဩဂုတ် ၁၇ ရက် ညနေပိုင်းတွင် ပြီးစီးနိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတစ်ဝန်းတွင် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါလက္ခဏာဖြင့်ပြသသူ ၆၈၇ ဦးရှိပြီး Influenza A(H1N1)pdm09 ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၂၆၂ ဦးနှင့်ဓာတ်ခွဲအတည်ပြုသေဆုံးသူ ၂၆ ဦးရှိကြောင်း သိရှိရ

**နေပြည်တော် ဩဂုတ် ၁၆**

နိုင်ငံတစ်ဝန်းတွင် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင် ရောဂါလက္ခဏာဖြင့်ပြသသူ ၆၈၇ ဦးရှိပြီး Influenza A(H1N1)pdm09 ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၂၆၂ ဦးနှင့် ဓာတ်ခွဲအတည်ပြုသေဆုံးသူ ၂၆ ဦး ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၁၆ ရက် မွန်းလွဲ ၂ နာရီအထိ ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 သံသယလူနာ ၃၉ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွင် H1N1 ပိုးတွေ့လူနာ ၂၀ တွေ့ရှိခဲ့ရပြီး ထပ်မံသေဆုံးသူလူနာ တစ်ဦးရှိကြောင်း သိရသည်။ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဖြစ်ပွားမှု၊ သံသယလူနာတွေ့ရှိမှု၊ သေဆုံးမှုလုံးဝမရှိကြောင်း သိရှိရပြီး ဇူလိုင် ၂၁ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ ကျန်တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09) ဖြစ်ပွားမှု အခြေအနေမှာ-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လတ်တလောပြင်းထန်အသက်ရှူ လမ်းကြောင်း ပိုးဝင်ရောဂါလက္ခဏာဖြင့် ပြသသူဦးရေ | Influenza A (H1N1) pdm09 ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူဦးရေ | ဓာတ်ခွဲ အတည်ပြု သေဆုံးသူ ဦးရေ |
|---|---|---|---|---|
| ၁ | ကရင်ပြည်နယ် | ၁၂ | ၈ | ၁ |
| ၂ | ချင်းပြည်နယ် | ၆၆ | ၁၃ | ၀ |
| ၃ | စစ်ကိုင်း တိုင်းဒေသကြီး | ၁၅ | ၁၀ | ၁ |
| ၄ | တနင်္သာရီ တိုင်းဒေသကြီး | ၂၀ | ၁၄ | ၀ |
| ၅ | ပဲခူး တိုင်းဒေသကြီး | ၇၉ | ၃၇ | ၃ |
| ၆ | မကွေး တိုင်းဒေသကြီး | ၁၇ | ၁၀ | ၂ |
| ၇ | မန္တလေး တိုင်းဒေသကြီး | ၁၆ | ၁၄ | ၁ |
| ၈ | မွန်ပြည်နယ် | ၁၁ | ၆ | ၁ |
| ၉ | ရခိုင်ပြည်နယ် | ၇ | ၃ | ၀ |
| ၁၀ | ရန်ကုန် တိုင်းဒေသကြီး | ၃၂၃ | ၈၁ | ၇ |
| ၁၁ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၉ | ၃ | ၀ |
| ၁၂ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ၁၄ | ၁၀ | ၀ |
| ၁၃ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၅ | ၂ | ၀ |
| ၁၄ | ဧရာဝတီ တိုင်းဒေသကြီး | ၇၃ | ၃၅ | ၁၀ |
| ၁၅ | နေပြည်တော် | ၂၀ | ၁၆ | ၀ |
| | စုစုပေါင်း | ၆၈၇ | ၂၆၂ | ၂၆ |

H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉ ဦးရှိသည်။

ယနေ့မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် H1N1 ပိုးတွေ့ အတွင်းလူနာ ခြောက်ဦး၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့ အတွင်းလူနာ ၅၂ ဦး စုစုပေါင်း ၅၈ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အများစုမှာ သက်သာလျက်ရှိကြောင်း သိရသည်။

ယနေ့ H1N1 ပိုးတွေ့လူနာ ၂၀ အနက် တစ်အိမ်တည်းအတူနေမိသားစုဝင် သုံးဦး၊ အဆောက်အအုံတစ်ခုအတွင်း လူစုလူဝေးနှင့်နေထိုင်သူများမှ သုံးဦးတို့တွင် H1N1 ပိုး စမ်းသပ်တွေ့ရှိရသဖြင့် အတူနေထိုင်သူများအကြားတွင် ရောဂါပိုးကူးစက်နိုင်သည်ကို တွေ့ရှိရသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော နှိုးဆော်ချက်များအတိုင်း အထူးအလေးဂရုပြုလိုက်နာကြပါရန် လိုအပ်ကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်နေသူများတွင် H1N1 ပိုးတွေ့လူနာများသာမက ပိုးမတွေ့လူနာများအား လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ ကုသရေးလမ်းညွှန်များအတိုင်း ထိရောက်သော ကုသမှုများရရှိရန် အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း ယနေ့ထုတ်ပြန်ချက်အရ သိရသည်။ **(သတင်းစဉ်)**

# ဆင်းဂတ်ဆန်အား ပေါင်သန်း ၄၀ ဖြင့် အဲဗာတန် သဘောတူညီမှုရရှိ

ဆွမ်ဆီးအသင်း၏ အားထားရသည့်ကစားသမားတစ်ဦးဖြစ်သည့် ဆင်းဂတ်ဆန်သည် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကစားတော့မည်ဖြစ်ကြောင်း သိရသည်။

အဲဗာတန်အသင်းသည် ဆွမ်ဆီးကစားသမား ဆင်းဂတ်ဆန်အား ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး နည်းပြရော်နယ်ကိုးမန်း၏ အဲဗာတန်အသင်းက အဆိုပါကစားသမားအား ပေါင်သန်း ၄၀ အပါအဝင် နောက်ထပ် ပေါင် ၂ ဒသမ ၅ သန်းပေးချေမည်ဖြစ်ကြောင်းလည်းသိရသည်။

အိုက်စ်လန်လက်ရွေးစင်အသင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သည့် ဆင်းဂတ်ဆန်သည် အဲဗာတန်အသင်းတွင် တစ်ပတ်လုပ်ခလစာပေါင် တစ်သိန်းရရှိမည်ဖြစ်ပြီး ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုမည်ဖြစ်ကြောင်းလည်းသိရသည်။

ဆင်းဂတ်ဆန်အား လက်စတာစီးတီးအသင်းက ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ဖြင့် ကမ်းလှမ်းထားခဲ့သော်လည်း ဆင်းဂတ်ဆန်အနေဖြင့် အဲဗာတန်အသင်းသို့သာ ပြောင်းရွှေ့ကစားရန် စိတ်ဝင်စားခဲ့ခြင်းကြောင့် ယခုကဲ့သို့ သဘောတူညီခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ ဆင်းဂတ်ဆန်သည် ဆွမ်ဆီးအသင်းမှ ထွက်ခွာရန် စိတ်အားထက်သန်နေခဲ့သဖြင့် ဆွမ်ဆီးအသင်း၏ ရာသီအကြိုအမေရိကန်ခရီးစဉ်မှာပင် ပါဝင်ခဲ့ခြင်းမရှိခဲ့သူဖြစ်သည်။

ဆွမ်ဆီးအသင်းတွင် အကောင်းဆုံးခြေစွမ်းကစားနိုင်ခဲ့သည့် ဆင်းဂတ်ဆန်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဆွမ်ဆီးအသင်းအတွက် သွင်းဂိုး ကိုးဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးပေးနိုင်မှု ၁၃ ကြိမ်အထိရှိခဲ့ကြောင်းလည်း သိရသည်။

သို့ရာတွင် ဆွမ်ဆီးအသင်းသည် ပရီမီယာလိဂ်မှ ချန်ပီယံရှစ်သို့ တန်းဆင်းသွားခဲ့ရသည်။ ဆွမ်ဆီးအသင်းသည် ဆင်းဂတ်ဆန်အား ရောင်းချရန်အတွက် ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ အထိ တောင်းဆိုခဲ့သော်လည်း လက်ရှိတွင် သန်း ၄၀ ဖြင့်သာ သဘောတူညီမှုရရှိခဲ့သည်။

ဆင်းဂတ်ဆန်သည် လက်ရှိတွင် အဲဗာတန်အသင်းနှင့်အတူ သဘောတူညီမှုရရှိခဲ့ပြီဖြစ်သောကြောင့် အဲဗာတန်အသင်း၏ ယူရိုပါလိဂ်ပွဲစဉ်တွင် ပါဝင်ပွဲထွက်ကစားခွင့်ရရှိရန်လည်း မျှော်လင့်ထားကြောင်းသိရသည်။




© PA

# စာချုပ်သစ်မချုပ်ဆိုခဲ့ပါက လာမည့်ရာသီတွင် ဆန်းချက်ဇ်အား အာဆင်နယ်အသင်းမှ ထွက်ခွာခွင့်ပြုမည်ဟု ဝင်းဂါးပြောကြား

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် အသင်း၏ အားထားရသည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည့် အလက်ဇစ်ဆန်းချက်ဇ်အား စာချုပ်သစ်မချုပ်ဆိုခဲ့ပါက လာမည့်ဘောလုံးရာသီတွင် အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နည်းပြအာစင်ဝင်းဂါးအနေဖြင့် တိုက်စစ်မှူး ဆန်းချက်ဇ်အား စာချုပ်သစ်ချုပ်ဆိုလိမ့်မည်ဟု ယုံကြည်ထားသော်လည်း ယင်းကစားသမားကမူ အသင်းပြောင်းရွှေ့ရန်ရှိနေခြင်းကြောင့် စာချုပ်သစ် ချုပ်ဆိုလိမ့်မည်မဟုတ်ကြောင်း သိရသည်။

ချီလီအသင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သည့်အပြင် အာဆင်နယ်အသင်းတွင်လည်း မရှိမဖြစ်အရေးပါသည့် ကစားသမားတစ်ဦးဖြစ်သည့် တိုက်စစ်မှူးဆန်းချက်ဇ်သည် လက်ရှိတွင် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးကြောင်း သိရသည်။

အာဆင်နယ်အသင်းအနေဖြင့် တိုက်စစ်မှူးဆန်းချက်ဇ်အား စာချုပ်သစ်ထပ်မံချုပ်ဆိုရန် စတုတ်စီးတီးအသင်းနှင့် ကစားရမည့် ပရီမီယာလိဂ်ပွဲစဉ်(၂)မတိုင်မီ မျှော်လင့်ထားသော်လည်း ဆန်းချက်ဇ်ကမူ စာချုပ်သစ်ချုပ်ဆိုရန် ငြင်းဆိုထားခဲ့ကြောင်းလည်း သိရသည်။

ချီလီတိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်သည် လက်ရှိတွင် အာဆင်နယ်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်လာခဲ့ပြီး လာမည့်တစ်ပတ်တွင် ယှဉ်ပြိုင်ကစားရမည့် လီဗာပူးအသင်းနှင့် ပွဲစဉ်တွင် ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အာဆင်နယ်အသင်းအနေဖြင့် ဆန်းချက်ဇ်အား စာချုပ်သစ်မချုပ်ဆိုနိုင်ခဲ့ပါက အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်သည့်အပြင် ချယ်လ်ဆီးအသင်းတိုက်စစ်မှူး ဒီယေဂိုကော်စတာအား ခေါ်ယူမည်ဖြစ်ကြောင်းလည်း သိရသည်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာမှာ ချယ်လ်ဆီး အသင်းတွင် ဆက်လက်ကစားရန် မသေချာသေးသည့်အပြင် ရာသီအဖွင့်ပွဲစဉ်တွင်လည်း ပါဝင်ကစားခွင့်မရရှိခဲ့ဘဲ အသင်းဟောင်း အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။

နည်းပြအာစင်ဝင်းဂါးအနေဖြင့် ဒီယေဂိုကော်စတာကို ခေါ်ယူရန် စီစဉ်ထားခဲ့သော်လည်း အာဆင်နယ်အသင်းအတွက် ကစားသမားခေါ်ယူမှုကို အပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီ တစ်ပတ်အလိုတွင် ပိတ်သိမ်းမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် လာမည့်ပွဲစဉ်များအဖြစ် ပရီမီယာလိဂ်ပွဲစဉ်(၂)အဖြစ် စတုတ်စီးတီးအသင်း၊ ဩဂုတ် ၂၇ ရက်တွင် လီဗာပူးအသင်း၊ စက်တင်ဘာ ၉ ရက်တွင် ဘုန်းမောက်အသင်း၊ စက်တင်ဘာ ၁၇ ရက်တွင် ချယ်လ်ဆီးအသင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ဝက်စ်ဘရွန်းအသင်း၊ အောက်တိုဘာ ၁ ရက်တွင် ဘရိုက်တန်အသင်းတို့နှင့် အသီးသီးယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

# လီယွန်နယ်မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့ ယူအီးအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံး ကစားသမားပဏ္ဍာမစာရင်းတွင် ပါဝင်လာ

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ ဂိုးသမားဘတ်ဖွန်၊ စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှ တိုက်စစ်မှူး မက်ဆီနှင့် ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီကြယ်ပွင့် စီရိုနယ်လ်ဒိုတို့သည် ယူအီးအက်ဖ်အေ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားစာရင်း ပဏ္ဍာမရွေးချယ်မှုတွင် ပါဝင်လာခဲ့ကြောင်း သိရသည်။

အီတလီနှင့် ဂျူဗင်တပ်ဂိုးသမား ဘတ်ဖွန်၊ အာဂျင်တီးနားနှင့် ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီနှင့် ပေါ်တူဂီနှင့် ရီးယဲလ်မက်ဒရစ်ကစားသမား စီရိုနယ်လ်ဒိုတို့သည် ကမ္ဘာတစ်ဝန်းရှိနည်းပြ ၈၀ နှင့် ဂျာနယ်လစ် ၅၀ တို့၏ ရွေးချယ်မှုကို ခံခဲ့ရကြောင်းလည်း သိရသည်။

တိုက်စစ်မှူးမက်ဆီနှင့် စီရိုနယ်လ်ဒိုတို့သည် ယူအီးအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို နှစ်ကြိမ်စီ ဆွတ်ခူးထားနိုင်ခဲ့ပြီး ပေါ်တူဂီကြယ်ပွင့် စီရိုနယ်လ်ဒိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက အဆိုပါဆုကို ဆွတ်ခူးထားခဲ့သူဖြစ်သည်။

အဆိုပါ ယူအီးအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဩဂုတ် ၂၄ ရက်တွင် မိုနာကိုမြို့၌ ကျင်းပမည့် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီ ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်များမဲခွဲပွဲတွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်းလည်း သိရသည်။

ယူအီးအက်ဖ်အေ၏ တစ်နှစ်တာအမျိုးသမီးအကောင်းဆုံးကစားသမားဆုအတွက် ပဏ္ဍာမရွေးချယ်ခံထားရသည့် စာရင်းတွင် ဝုလ်ဖ်ဘတ်အသင်းမှ ဒိန်းမတ်ကစားသမား ဝါဒါ၊ လိုင်ယွန်အသင်းမှ ဂျာမနီကစားသမား မာရိုဆန်နှင့် ဘာစီလိုနာအသင်းမှ နယ်သာလန်ကစားသမား မာတန်တို့လည်း ပါဝင်ခဲ့ကြောင်းသိရသည်။

ယူအီးအက်ဖ်အေ၏ တစ်နှစ်တာအကောင်းဆုံးကစားသမား ပဏ္ဍာမစာရင်းတွင် ဂိုးသမားဘတ်ဖွန်၊ တိုက်စစ်မှူး မက်ဆီနှင့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့အပါအဝင် ထိပ်တန်းကစားသမား ၁၀ ဦးစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ ခရိုအေးရှားကစားသမား လူကာမိုဒရစ်၊ ရီးယဲလ်မက်ဒရစ်အသင်းမှ ဂျာမနီကစားသမား တိုနီခရုစ်၊ ဂျူဗင်တပ်အသင်းမှ အာဂျင်တီးနားကစားသမား ဒိုင်ဘာလာ၊ ရီးယဲလ်မက်ဒရစ်အသင်းမှ စပိန်ကစားသမား ဆာဂျီယိုရာမို့စ်၊ မိုနာကိုအသင်းမှ ပြင်သစ်ကစားသမား မက်ပီ၊ ဘိုင်ယန်မြူးနစ်အသင်းမှ ပိုလန်ကစားသမား လီဝန်ဒိုစကီးနှင့် မန်ယူအသင်းမှ ဆွီဒင်ကစားသမား အီဘရာဟီမိုဗစ်တို့လည်း ပါဝင်ခဲ့ကြောင်း သိရသည်။



ငွေကြယ် - ရေးသားသည်

# စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(အ) တာဝန်ရှိအဖွဲ့အစည်းဆိုသည်မှာ အမြင်အာရုံချို့တဲ့သောပုဂ္ဂိုလ်များ အသုံးပြုနိုင်ရန် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ထားသော စာအုပ်စာပေများ သို့မဟုတ် သတင်းအချက်အလက်များ၊ ပညာပေးခြင်း၊ လေ့ကျင့်သင်ကြားခြင်းတို့ကို အကျိုးအမြတ်အတွက် မရည်ရွယ်ဘဲ ထောက်ပံ့ပေးရန် ပြည်ထောင်စုအစိုးရက တရားဝင်ခွင့်ပြုထားသည့် အဖွဲ့အစည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဖော်ပြပါ လုပ်ငန်းများကို အကျိုးအမြတ်မပါဘဲ ဆောင်ရွက်ပေးသော အဖွဲ့အစည်း သို့မဟုတ် အစိုးရအဖွဲ့အစည်းများလည်း ပါဝင်သည်။

(ကက) မူပိုင်ခွင့်ဆိုင်ရာစုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းဆိုသည်မှာ ဤဥပဒေ အခန်း(၁၈)အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကိုဆိုသည်။

(ခခ) မူပိုင်ခွင့်ချိုးဖောက်ထားသောပစ္စည်းများ ဆိုသည်မှာ အခွင့်အရေးရရှိသူ၏ သဘောတူညီချက်မပါဘဲ ပြုလုပ်ထားသော မိတ္တူများနှင့် ဤဥပဒေပါ မူပိုင်ခွင့် အခွင့်အရေးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ချိုးဖောက်လျက်ပြုလုပ်ထားသော မိတ္တူများကို ဆိုသည်။

(ဂဂ) မှတ်ပုံတင်အရာရှိ ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာနရှိ ညွှန်ကြားရေးမှူးအောက်မနိမ့်သောအရာရှိကို ဆိုသည်။

(ဃဃ) တရားရုံး ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရ တည်ထောင်သော တရားရုံးကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရတရားရုံးများ တည်ထောင်ခြင်းမပြုမီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးများလည်း ပါဝင်သည်။

(ငင) အဖွဲ့ဝင်နိုင်ငံဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်ထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) စာပေအနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်ထုတ်လုပ်မှုများနှင့် ထုတ်လွှင့်ခြင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် စာပေအနုပညာဆိုင်ရာ ထုတ်လုပ်မှုအဆင့်အတန်း မြင့်မားတိုးတက်စေရန်၊

(ခ) မူလလက်ရာရှင်နှင့် မူပိုင်ခွင့်ပိုင်ရှင်တို့၏ စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့်များကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(ဂ) ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းတို့၏ မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ဃ) ရိုးရာယဉ်ကျေးမှုဖော်ပြချက်များနှင့် ရိုးရာဓလေ့အမွေအနှစ်များကို ကာကွယ်မြှင့်တင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်။

**အခန်း(၃)**

**ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများနှင့် ပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ကော်မတီဖွဲ့စည်းရာတွင်အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မတီကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်တွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်းနှင့် ယင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(ခ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေးအတွက် အကြံပြုတင်ပြခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

**အခန်း(၄)**

**ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ**

၆။ ဦးစီးဌာနသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့်လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) ကော်မတီက ချမှတ်သော အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ကော်မတီသို့ လေ့လာတင်ပြခြင်း၊

(ဃ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်ရန်နှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရန်အတွက် ကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(င) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာအဖွဲ့ အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) သတ်မှတ်ထားသည့် စာပေနှင့်အနုပညာဆိုင်ရာမူပိုင်ခွင့်ကဏ္ဍအလိုက်စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများကို ဖွဲ့စည်းခွင့်ပြုခြင်း၊ ယင်းအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းနှင့် လိုအပ်ပါက ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ဇ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြု သတ်မှတ်ခြင်း၊

(ဈ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ည) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့ ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဋ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(ဌ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဍ) ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာနနှင့် ကော်မတီတို့က အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၅)**

**မှတ်ပုံတင်အရာရှိခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ**

၇။ ညွှန်ကြားရေးမှူးချုပ်သည် ဦးစီးဌာနတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကိုဆောင်ရွက်ရန် လိုအပ်သည့် မှတ်ပုံတင်အရာရှိကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်နိုင်သည်။

၈။ မှတ်ပုံတင်အရာရှိ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) မူပိုင်ခွင့်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်များကို စစ်ဆေးခြင်း၊

(ဂ) မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သူများကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်း အထောက်အထားများကို တောင်းခံခြင်း၊

(ဃ) မူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(င) ကော်မတီနှင့် ဦးစီးဌာနတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၆)**

**သက်ဆိုင်သည့်နယ်ပယ်**

၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အောက်ပါစာပေအနုပညာလက်ရာများကိုလည်းကောင်း၊ ဖျော်ဖြေသူနှင့် ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ်၊ ထုတ်လွှင့်ခြင်းနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းတို့ကို လည်းကောင်း အကာအကွယ်ပေးခြင်းနှင့် သက်ဆိုင်ရမည် -

(က) စာပေအနုပညာလက်ရာဖြစ်ပါက-

(၁) နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၏ နိုင်ငံသားဖြစ်သော သို့မဟုတ် နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် အမြဲပြုနေထိုင်သော မူလလက်ရာရှင်၏ လက်ရာဖြစ်ခြင်း၊

(၂) စာပေအနုပညာလက်ရာကို နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် ပထမအကြိမ်ထုတ်ဝေခြင်း သို့မဟုတ် စာပေအနုပညာလက်ရာကို အခြားအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံတွင် ပထမအကြိမ် ထုတ်ဝေပြီး ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် ထုတ်ဝေခြင်း၊

(၃) နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၌ ရုံးစိုက်သော သို့မဟုတ် အမြဲပြုနေထိုင်သော အရုပ်အသံလက်ရာ ထုတ်လုပ်သူ၏ လက်ရာဖြစ်ခြင်း၊

(၄) နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် ဆောက်လုပ်ထားသည့် ဗိသုကာလက်ရာနှင့် နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် တည်ရှိသော အဆောက်အအုံ သို့မဟုတ် အခြားအဆောက်အအုံပုံစံတွင် ပါဝင်ပေါင်းစပ်ထားသည့် အနုပညာလက်ရာဖြစ်ခြင်း။

(ခ) ဖျော်ဖြေသူသည် မြန်မာနိုင်ငံသား သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၏ နိုင်ငံသား ဖြစ်ပါက -

(၁) နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံ တစ်ခုခုအတွင်း ဖျော်ဖြေမှုဖြစ်ခြင်း၊

(၂) ဖျော်ဖြေမှုကို ပုဒ်မခွဲ(ဂ)အရ အကာအကွယ်ပေးရမည့် ဖိုနိုဂရမ်တွင် ပါဝင်ပေါင်းစပ်ထားခြင်း သို့မဟုတ် ဖျော်ဖြေမှုကို ဖိုနိုဂရမ်တွင် အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်း မပြုရသေးသော်လည်း ပုဒ်မခွဲ(ဃ)အရ အကာအကွယ်ပေးရေးအတွက် အရည်အချင်း ပြည့်မီသည့် ထုတ်လွှင့်မှုတွင် ပါဝင်ခြင်း။

(ဂ) ဖိုနိုဂရမ်ထုတ်လုပ်သူသည် မြန်မာနိုင်ငံသား သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၏ နိုင်ငံသားဖြစ်ပါက နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၌ ပထမဦးစွာ ဖိုနိုဂရမ်အား အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း သို့မဟုတ် နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၌ ပထမဦးစွာ ဖိုနိုဂရမ်ကို ထုတ်ဝေခြင်း။

(ဃ) ထုတ်လွှင့်သည့်အဖွဲ့အစည်းဖြစ်ပါက ထုတ်လွှင့်သည့်အဖွဲ့အစည်း၏ ရုံးချုပ်သည် နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၌ တည်ရှိခြင်း သို့မဟုတ် ပို့လွှင့်စက်သည် နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၌ တည်ရှိခြင်း။

**အခန်း (၇)**

**အကာအကွယ်ပေးခြင်းခံရသည့် စာပေအနုပညာလက်ရာများနှင့် အကာအကွယ်ပေးခြင်းမခံရသည့် စာပေအနုပညာဆိုင်ရာ ကိစ္စရပ်များ**

၁၀။ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူလဖန်တီးမှုများဖြစ်သော အောက်ပါစာပေအနုပညာလက်ရာများကို အကာအကွယ်ပေးရမည် -

(က) စာအုပ်၊ လက်ကမ်းစာစောင်၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ကွန်ပျူတာပရိုဂရမ်နှင့် အခြားရေးသားချက်များ၊

(ခ) ပြောကြားချက်၊ ပို့ချချက်၊ မိန့်ခွန်း၊ တရားဓမ္မဟောကြားချက်နှင့် အခြားဟောပြောချက်များ၊

(ဂ) ပြဇာတ်နှင့် ပြဇာတ်ဂီတလက်ရာ၊ ကိုယ်ဟန်အမူအရာဖြင့်သာ သရုပ်ဆောင်ချက်၊ ကကွက်စီစဉ်မှုလက်ရာနှင့် စင်မြင့်ပေါ်တွင် တင်ဆက်သည့် အခြားစာပေအနုပညာလက်ရာများ၊

(ဃ) စာသားပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တေးဂီတလက်ရာ၊

(င) ရုပ်ရှင်ဖန်တီးမှုလက်ရာ အပါအဝင် အရုပ်အသံလက်ရာ၊

(စ) ဗိသုကာလက်ရာ၊

(ဆ) ရေးဆွဲခြင်း၊ ရေးခြစ်ခြင်း၊ ဆေးခြယ်ခြင်း၊ ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ ထွင်းထုခြင်း၊ ရောင်စုံဖန်မှန်ကျောက်မျက်ရတနာစသည်တို့ဖြင့် စီခြယ်ခြင်းပြုထားသည့်လက်ရာ၊ သစ်သားဖြင့်ပြုလုပ်သည့်လက်ရာ၊ အိုးထိန်းအတတ်ပညာဖြင့် ပြုလုပ်သည့်လက်ရာ၊ သတ္တုထည်၊ မြေထည်၊ လက်ဝတ်ရတနာ၊ လက်မှုပစ္စည်း၊ ရွှေခေတ်ဝတ်စုံ၊ တိုင်းရင်းသားရိုးရာအဝတ်အထည်၊

(ဇ) ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်းပြုထားသည့်လက်ရာ၊ ရွှေချည်ထိုးနှင့် အနုစိတ်သည့် အခြားအနုပညာလက်ရာများ၊

(ဈ) ဓာတ်ပုံလက်ရာ၊

(ည) အသုံးချအနုပညာလက်ရာ၊

(ဋ) အထည်အလိပ်ဒီဇိုင်း၊

(ဌ) ပထဝီအနေအထားနှင့်ဖြစ်စေ၊ မျက်နှာသွင်ပြင်ဖော်ပြချက်နှင့်ဖြစ်စေ၊ ဗိသုကာ လက်ရာနှင့်ဖြစ်စေ၊ သိပ္ပံပညာနှင့်ဖြစ်စေသက်ဆိုင်သည့် ရုပ်ပြနမူနာ၊ မြေပုံ၊ စီမံချက်၊ ပုံကြမ်းနှင့် သုံးဖက်မြင်လက်ရာ၊

၁၁။ ပုဒ်မ ၁၀ ပါ စာပေအနုပညာလက်ရာများ၏ ဖော်ပြချက်နည်းလမ်း သို့မဟုတ် ပုံသဏ္ဌာန်၊ ယင်းတို့၏ပါရှိမှု၊ အရည်အသွေးနှင့် ရည်ရွယ်ချက်တို့ မည်သို့ပင်ရှိစေကာမူ ဖန်တီးမှုပါရှိပါက ယင်းစာပေအနုပညာလက်ရာကို အကာအကွယ်ပေးရမည်။

၁၂။ ပုဒ်မ ၁၀ ပါ မူလရှိပြီး စာပေအနုပညာလက်ရာများကို မထိခိုက်စေဘဲ အောက်ဖော်ပြပါ ဆင့်ပွားလက်ရာများ၏ မူပိုင်ခွင့်ကို အကာအကွယ်ပေးရမည် -

(က) စာပေအနုပညာလက်ရာများကို ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းခြင်း၊ စီစဉ်ခြင်းနှင့် အခြားနည်းဖြင့် ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်ခြင်း၊

**ဆက်လက်ဖော်ပြပါမည်။**

# ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသစ်ဖွင့်ပွဲကျင်းပ

**ပဲခူး ဩဂုတ် ၁၆**
ပဲခူးတိုင်းဒေသကြီး ရုံးကြီးရပ်ကွက် ဆောက်လုပ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီး လမ်းဦးစီးဌာနရုံးဝင်းအတွင်း၌ ပဲခူးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနညွှန်ကြားရေးမှူးရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲသို့ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့်ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌဦးခင်မောင်ရင်၊ ဒုတိယဥက္ကဋ္ဌဦးကြည်ဇင်၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊အစိုးရအဖွဲ့အတွင်းရေးမှူးနှင့်ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့်ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒချမှတ်ပြီး ကျေးလက်လမ်း၊ တံတားများစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိရေး၊ ကျေးလက်နေပြည်သူများ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များအသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ရေး၊ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းအားအထောက်အကူဖြစ်စေရေးနှင့် ၂၀၃၀ ခုနှစ်တွင် ကျေးရွာများအားလုံး ၈၀ ရာခိုင်နှုန်းအား ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် နှစ်စဉ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

# ဒေသခံပြည်သူများ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာပြီး ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုများ ရရှိခံစား

**လွိုင်ကော် ဩဂုတ် ၁၆**
ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှုထွေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီခွဲက လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာရှိ သာသနာ့ရောင်ခြည်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ လွိုင်လင်လေးကျေးရွာအုပ်စု၊ ထီးစဲခါးကျေးရွာအုပ်စု၊ တီးလုံကျေးရွာအုပ်စုရှိ တိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံသည်။



တွေ့ဆုံပွဲ၌ ပြည်နယ်ဝန်ကြီးချုပ်က လွိုင်လင်လေးကျေးရွာအုပ်စုသည် ကျေးရွာ ၁၃ ရွာ၊ အိမ်ခြေ ၁၅၁၂ အိမ်၊ အိမ်ထောင်စု ၁၅၃၁ စု လူဦးရေ ၈၁၇၇ ဦး နေထိုင်ကြသည်ဟု သိရကြောင်း၊ လွိုင်လင်လေးကျေးရွာသည် လွိုင်ကော်-ဆီဆိုင် ကားလမ်းဘေးတွင် တည်ရှိပြီး၊ ရှမ်းပြည်နယ်၊ ဆီဆိုင်၊ တောင်ကြီးစသည့် မြို့များနှင့်ကုန်စည်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်သာမက လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းကြောင့် အစိုးရသစ်လက်ထက်တွင် လွိုင်လင်လေးကျေးရွာကို ရပ်ကွက်(၃)ရပ်ကွက် ပါဝင်သော လွိုင်လင်လေးမြို့အဖြစ် တိုးမြှင့် ဆောင်ရွက်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီတင်ပြဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ မြို့အဆင့်ခွင့်ပြုချက်ရရှိလာပါက မြို့ပြအင်္ဂါရပ်နှင့်အညီ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာပြီး ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာလုံခြုံမှုများ ရရှိခံစားရတော့မည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှုထွေးနှင့် တာဝန်ရှိသူများသည် အ. ထ. က (လွိုင်လင်လေး)တွင် ကျင်းပသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲသို့ တက်ရောက်ရာ ကယားပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးကျော်စိန်ထွန်းက နိုင်ငံသားလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ကျောင်းသူ ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ လွိုင်လင်လေးဈေး၊ လွိုင်ကော်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးမှ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်နေမှုနှင့် လွိုင်လင်လေးကျေးရွာ (၁၆) ခုတင်ဆံ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသနေသော လူနာများအား အားပေးစကားပြောကြားပြီး အလှူငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရသားရေလွှဲဆည် ရေပေးမြောင်းများ ပြုပြင်ခြင်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ခင်ဦး ဩဂုတ် ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ရသားရေလွှဲဆည်သည် ခက်လုံချောင်းမှ စီးဆင်းလာသော မိုးရေများကို ဆည်ပိတ်ပြီး စိုက်ပျိုးရေရရှိရန်အတွက် အသုံးပြုနေသော ဆည်ဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေကျပ်သိန်း ၄၅၀ ဖြင့် ရသားရေလွှဲဆည်ရေပေးမြောင်း လက်တံ(၁)၊ လက်တံ(၂)နှင့် လက်တံ(၃) တို့ကို ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရေလွှဲဆည်မှ ကန့်ဘလူ မြို့နယ်တွင် ဧကတစ်ထောင်နှင့် ခင်ဦးမြို့နယ်တွင် ဧကငါးထောင်ကို စိုက်ပျိုးရေပေးဝေနေသော ဆည်ဖြစ်ကြောင်း ခင်ဦးမြို့နယ်ဆည်မြောင်းဦးစီးမှူး ဦးအောင်သူရိန်မော်က ပြောသည်။

အဆိုပါရေလွှဲဆည်နှင့် ရေပေးမြောင်းများပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ရွှေဘိုခရိုင် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ခင်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် ဆည်မြောင်းဦးစီးမှူးတို့က ဩဂုတ် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး မြို့နယ်လမ်းဦးစီးဌာနက ခွင့်ပြုရန်ပုံငွေကျပ် ၇၄ ဒသမ ၅၀ သန်းဖြင့် ဆောင်ရွက်နေသော ခင်ဦး-သင်ပေါင်းကားလမ်း ၃/၃ - ၄/၅အတွင်း ၁/၁ (၁မိုင် ၁ဖာလုံ) ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အရည်အသွေးပြည့်မီစွာဆောင်ရွက်နိုင်ရန် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# ပြောင်းရွှေ့လူနေအိမ်ထောင်စုများအား ဆန်ရိက္ခာ သွားရောက်ထောက်ပံ့ပေးအပ်

**ကသာ ဩဂုတ် ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ပုလွေရွှေကျေးရွာအုပ်စု ရေလယ်ကျွန်းကျေးရွာရှိ ပြောင်းရွှေ့လူနေအိမ်ထောင်စု ကိုးစုအတွက် ဆန်ရိက္ခာဖိုးကျပ် ၉၀၃၀၀ ကို ဩဂုတ် ၁၅ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရေကြောင်းကြီးကြပ်မှုကော်မတီအဖွဲ့တို့က သွားရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် ရွာသူရွာသားများနှင့် တွေ့ဆုံကာ ဩဂုတ် ၁၅ ရက် မွန်းတည့် ၁၂ နာရီ အချိန်တိုင်းတာချက်အရ ကသာမြို့ ဧရာဝတီမြစ်ရေသည် ၁၀၃၀ စင်တီမီတာသို့ ရောက်ရှိနေပြီး မြစ်ကြီးနားမြို့မှ မြစ်ရေကျလာလျှင် ကသာမြို့တွင် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ် ၁၀၄၀ စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနိုင်သည်ဟု ကသာမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရှိရကြောင်း၊ ရွာသူ ရွာသားများအနေဖြင့် ပြောင်းရွှေ့သင့်သည်များကို ပြောင်းရွှေ့ပြီး သတိပြုနေထိုင်သင့်ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝေဝေအောင်က ပြောကြားခဲ့သည်။

ရေလယ်ကျွန်းကျေးရွာတွင် တစ်ပေအလိုဖြင့် အန္တရာယ်ရှိပြီး ရွှေ့ပြောင်းနေထိုင်ခြင်း မပြုသေးသည့် အိမ်ထောင်စု ၁၁ စုရှိသေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများဆောင်ရွက်

**မြင်းမူ ဩဂုတ် ၁၆**
မြင်းမူမြို့နယ် ကျန်းမာရေးဦးစီးဌာန ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီတွင် မြင်းမူမြို့ပေါ်ရှိ ရပ်ကွက်များသို့ အဖွဲ့ လေးဖွဲ့ခွဲ၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် တားဆီးရေးလုပ်ငန်းများအနေဖြင့် အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

**(၆၂၄)**



# မှုခင်းပညာပေးပြခန်းယာဉ် ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိ

**ကွမ်းခြံကုန်း ဩဂုတ် ၁၆**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ အစီအစဉ်ဖြင့် မှုခင်းပညာပေးပြခန်းယာဉ်သည် ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိလာရာ ကွမ်းခြံကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး (ယာယီ) မြို့မရဲစခန်းမှူး ရဲမှူးအောင်နိုင်ဦးစီး၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့မှ ရဲအုပ်သိန်းဌေး၊ မူးယစ်တားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ဒုရဲအုပ်ဝေဖြိုးအောင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးမိုးစိန်တို့သည် ကွမ်းခြံကုန်းမြို့ ကန်ကြီးပိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်းမရှိ ကားလေးဂိတ်နှင့် မြို့မရပ်ကွက် ဗိုလ်ချုပ်လမ်းမရှိ မြို့လယ်အဝိုင်းတို့တွင် ရပ်တန့်၍ လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်အန္တရာယ်နှင့် မှုခင်းပိုင်းဆိုင်ရာတို့ကို အသိပညာပေးဆွေးနွေးဟောပြောရာ ပြည်သူ ၂၀၀ ခန့် လာရောက်လေ့လာခဲ့ကြကြောင်းသိရသည်။

**(၆၈၉)**

# စစ်ကိုင်းမြို့မှလေ့လာစရာမြန်မာ့အနုလက်ရာငွေထည်လုပ်ငန်း

**စစ်ကိုင်း ဩဂုတ် ၁၆**
မြန်မာနိုင်ငံတွင်ကျင်းပသော အလေးအမြတ်ထားကျင်းပသည့်ပွဲများတွင် ငွေထည်ပစ္စည်းများကို အမြတ်တနိုးကိုင်တွယ်အသုံးပြုလေ့ရှိသည်။ ငွေဖလားနှင့်ရေလောင်းခြင်း၊ ငွေဖလားနှင့် ပန်းကမ်းခြင်း၊ ငွေဖလားနှင့် နံ့သာရေဖျန်းခြင်း၊ ငွေကရားငယ်များဖြင့် ရေစက်သွန်းချလှူဒါန်းခြင်းမှအစ အလှူမင်္ဂလာပွဲများ လှူဒါန်းမှုပွဲများတွင် ငွေထည်ပစ္စည်းများကိုအလေးအမြတ်ထားသုံးစွဲကြသည်။

အလေးအမြတ်ထားသောငွေထည်ပစ္စည်းများသည် မြန်မာတို့၏ အနုပညာလက်ရာများကို လေ့လာနိုင်သည်။ အနုစိတ်ပန်းများဖြင့် ဖော်ကျူးသလို ဇာတ်တော်လာ သရုပ်ဖော်ပုံများကိုလည်း ငွေထည်များတွင်အနုစိတ် ပုံဖော်ကြသည်။ မြန်မာ့ငွေထည်ပစ္စည်းများသည် လှပဆန်းကြယ်သောအနုလက်ရာများကြောင့် မြင်သူတိုင်းကို ဆွဲဆောင်စေသည့် မြန်မာ့အနုပညာမြောက်အသုံးအဆောင်ပစ္စည်းအဖြစ် လက်ခံထားသည်။ ငွေထည်များတွင် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်မှပြုလုပ်သော ငွေထည်များမှာ နာမည်ကြီးပြီး ဆန်းကြယ်လှပသော လက်ရာများဖြင့်ပုံဖော်ထားသည်။

ငွေထည်ပစ္စည်းများအကြောင်းကို ကျွမ်းကျင်သူတစ်ဦးထံမေးမြန်းကြည့်ရာ "ငွေထည်လုပ်ငန်းမှာ အဆင့်များစွာပြုလုပ်ရတယ်။ အဓိကအရေးကြီးတဲ့ အဆင့်နှစ်ဆင့်ကတော့ ပုံဖော်တဲ့အပိုင်းနဲ့ ရုပ်ကြွထုတဲ့အပိုင်းပဲဖြစ်တယ်ဗျ။ လှပတဲ့ငွေထည်ပစ္စည်းရဖို့အတွက် ငွေသားကိုအရည်ကျိုရတယ်။ အရည်ကျိုပြီးတဲ့ ငွေကိုတူနဲ့ ငွေပြားကိုပါးအောင် ထုပေးရတယ်။ ဒေသအခေါ်အဝေါ် အရတော့(တတယ်) လို့ ခေါ်တယ်ဗျ။ ပြီးရင်ဝိုင်းခြင်းလို့ခေါ်ကြတဲ့ပါးပြီးသား ငွေသားတွေကိုဝိုင်းအောင်ပုံဖော်ရတယ်။ ပြီးရင်ထောင်တယ်လို့ခေါ်တဲ့ ကိုယ်လိုချင်တဲ့အရွယ်ရအောင် အနားသားထောင်ပေးရတယ်။ ပြီးရင်တူးတယ်လို့ခေါ်တဲ့ ဇောက်အနက်ရအောင်တူနဲ့ပုံဖော်ပေးရတယ်ဗျ။ ပြီးရင် အုံထုတ်ခြင်းလို့ခေါ်တဲ့ဖောင်းလာအောင်ပြုလုပ်ပေးရတယ်။ ပြီးတာနဲ့အကြမ်းချောခြင်းလုပ်ငန်းလို့ခေါ်တဲ့ မျက်နှာပြင်အချောမွေ့ဆုံးတူနဲ့အချောကိုင်ပေးရတယ်။ အဲဒီလုပ်ငန်းစဉ်တွေကိုအဖြူထည်ပိုင်းလို့ခေါ်တယ်ဗျ။ အဖြူထည်ပိုင်းပြီးတာနဲ့အချောကိုင်မွမ်းမံတဲ့အပိုင်းကိုပြုလုပ်ရတယ်။

မွမ်းမံတဲ့အပိုင်းမှာကနုတ်တွေ ဇာတ်တော်လာပုံတွေပြုလုပ်ပုံဖော်တယ်။ ငွေထည်ကိုအရောင်တင်တယ်။ အရောင်တင်ရာမှာသဘာဝနည်းအတိုင်း ကင်ပွန်းသီးမီးဖုတ်အရည်ဖျော်ပြီးဆေးရတယ်။ အရောင်တင်သံနဲ့ပွတ်ရတယ်ဗျ။ ငွေထည်တစ်ခုဖြစ်ဖို့ စိတ်ရှည်ရတယ်။ စူးဆောက်အမျိုးပေါင်းတစ်ရာကျော်ကိုသုံးပြီးပုံဖော်ရတယ်။ လက်ရှိမှာတော့ငွေဖလားတွေ၊ ဒိုင်းဆုတံဆိပ်တွေ၊ ရင်ထိုးတွေကိုလည်း အများဆုံးလုပ်ပေးရပါတယ်"ဟု ရှင်းပြသည်။

**တိမ်တမန်**

# ရွှေကူမြို့၌ မြစ်ရေစိုးရိမ်ရေမှတ်ကျော်လွန် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ကူညီဆောင်ရွက်ပေး

**ရွှေကူမြို့ ဩဂုတ် ၁၆**

ကချင်ပြည်နယ် ရွှေကူမြို့နယ်တွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်ကျော်လွန်ရောက်ရှိနေသဖြင့် သက်ဆိုင်ရာမှ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ရွှေကူမြို့တွင် ဩဂုတ် ၁၅ ရက် နံနက် ၆ နာရီတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေကျော်မှတ် ၉၃၀ စင်တီမီတာဖြစ်၍ ယခုရွှေကူမြို့ဧရာဝတီမြစ်ရေမှာ ၉၆၃ စင်တီမီတာ ရောက်ရှိနေပြီဖြစ်သဖြင့် ရွှေကူမြို့ ဒေသခံပြည်သူများအား ရွှေကူမြို့၊ မြဝတီ၊ မာန်အောင်၊ အောင်တော်မူနှင့် ပုပ္ပါးရုံ ဘုန်းတော်ကြီးကျောင်းများ၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားကာ မြို့နယ်သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ရွှေကူမြို့ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၄၄ အိမ်မှ မိသားစုဝင် ၂၂၇ ဦးတို့အတွက် မြို့နယ်သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးကော်မတီနှင့် နယ်မြေခံတပ်ရင်းနှစ်ခုမှ ဆန်၊ ဆီ၊ ဆားနှင့် ခေါက်ဆွဲခြောက်၊ သကြား၊ နို့ဆီ အစရှိသည့် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးလေးကြီး**

# (၅၄) ကြိမ်မြောက်ကျောက်မျက်ရတနာပြပွဲ ကျင်းပပြီးစီး ကျောက်စိမ်းအတွဲ ၅၀၉၂ တွဲ ရောင်းချခဲ့ရာ ယူရို ၅၁၅ သန်းကျော်ရရှိ

**မန္တလေး ဩဂုတ် ၁၆**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေးကော်မတီက ကြီးမှူး ကျင်းပသော (၅၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာခန်းမ၌ ဩဂုတ် ၂ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ရာ ပြည်တွင်း ပြည်ပ ကျောက်မျက်ရတနာကုမ္ပဏီ ၁၈၉၄ ခု နှင့်ပြည်တွင်း ပြည်ပ ကျောက်မျက်ရတနာကုန်သည် ၅၃၁၁ ဦး တက်ရောက်ခဲ့သည်။

ကျောက်မျက်၊ ကျောက်စိမ်းအတွဲများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချခဲ့ရာ ကျောက်မျက်တင်ပြတွဲ ၃၂၆ တွဲတွင် ၁၀၅ တွဲရောင်းချခဲ့ရပြီး တန်ဖိုးအားဖြင့် ၃ ဒသမ ၀၆၈ သန်း၊ ကျောက်စိမ်းအတွဲ ၁ မှ ၆၅၆၁ အထိ ပြသရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲ ၅၀၉၂ တွဲ ရောင်းချခဲ့ရပြီး တန်ဖိုးအားဖြင့် ယူရို ၅၁၅ ဒသမ ၇၅၆သန်းဖိုးရောင်းချခဲ့ရသည်။ စုစုပေါင်း ကျောက်စိမ်းကျောက်မျက်အတွဲ ၅၁၉၇ တွဲ တန်ဖိုးအားဖြင့် ၅၁၈ ဒသမ ၈၂၄ သန်းဖိုးရောင်းချခဲ့ရသည်။ (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချခဲ့ရသည့် ပမာဏမှာယမန်နှစ်ကရောင်းချခဲ့ရသည့် ပမာဏနှင့်နှိုင်းယှဉ်ပါက သုံးရာခိုင်နှုန်းခန့် လျော့နည်းခဲ့သည်။

မြန်မာနိုင်ငံ ကချင်ပြည်နယ်ဖားကန့်ဒေသ၊ လုံခင်းကျောက်စိမ်းလုပ်ကွက်များမှ ထွက်ရှိသောကျောက်စိမ်းများသည် ကမ္ဘာ့နိုင်ငံများ၌ ထွက်ရှိသော ကျောက်စိမ်းများတွင် အရည်အသွေးအကောင်းမွန်ဆုံးဖြစ်ပြီး အိမ်နီးချင်းတရုတ်နိုင်ငံမှ အများဆုံးဝယ်ယူသည်။ ကျောက်မျက်ရတနာပြပွဲများကိုတစ်နှစ်သုံးကြိမ်ခန့် ကျင်းပရာ နိုင်ငံခြားငွေအများဆုံးရှာပေးရာလုပ်ငန်းတစ်ခုဖြစ်ပြီး အသားတင်ထုတ်လုပ်မှု ၏ ၄၅ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**





&efukwmifyKdc½Kdc&rf;frdKU, furmrwfuif;pcef;rS&tyKdvSef; onfc&rf;frdKU, f"r®kdKo*kwf15 &ufeHuf8 em&DrSpí tod ynmay;a[majym&mjynfbl100cef;Kvuf&muf;onf atmifaq (a&TwWm;)

# ဆိပ်ဖြူမြို့နယ် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် ဧက ၁၀၀ ၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုး

**ဆိပ်ဖြူ ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စု အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် ဧက ၁၀၀ တောင်သူဦးလှဦး၏ ကွင်းအမှတ် ၁၁၂၂/၁၉၄၂ ဦးပိုင်အမှတ် ၁၉၀၁/၁တွင် စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ် (၆၉) စက်မှုလယ်ယာစခန်း ဆင်ဖြူကျွန်းမြို့က ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးပေးလျက်ရှိကြောင်းသိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စက်မှု လယ်ယာဦးစီးဌာန အမှတ် (၆၉) စက်မှု လယ်ယာစခန်းမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများသည် ဒေသခံစပါးစိုက်ပျိုးထုတ်လုပ်သူတောင်သူများ စိုက်ပျိုးစရိတ်သက်သာစေရန် နှင့် လုပ်သားရှားပါးမှုပြဿနာများကို ဖြေရှင်းနိုင်သည့်နည်းလမ်းများ တွင်ကျယ်စွာလုပ်ကိုင်ဆောင်ရွက်စေရန် ရည်ရွယ်၍ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းသိရှိရပြီး တောင်သူများအနေဖြင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည်ဆိုပါက ပျိုးကုန်ကျမှုလျော့ကျနိုင်ခြင်း၊ ပျိုးနုတ်စရိတ်၊ စိုက်စရိတ်များ ကုန်ကျမှုသက်သာခြင်း၊ ပျိုးသက်နုနုဖြင့်စိုက်ပျိုးခြင်းကြောင့် စပါးပင်ပွားနှုန်းနှင့် အထွက်နှုန်းတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

စပါးပျိုးထောင်ရာတွင် ဗန်းစနစ်ဖြင့် ပျိုးထောင်ခြင်းဖြစ်သည့်အတွက် စပါး တစ်ဧက စိုက်ပျိုးရန် စပါးမျိုးတစ်တင်းခွဲသာ ကုန်ကျကြောင်း၊ ပျိုးသက် ၁၅ ရက်ပြည့်လျှင် ကောက်စိုက်စက်ဖြင့် စတင်စိုက်ပျိုးနိုင်ပြီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနှုန်း တစ်ဧကလျှင် ကျပ်နှစ်သောင်းခွဲသာကုန်ကျ၍ လူငှားစိုက်ပျိုးခြင်းထက် ကုန်ကျငွေ ထက်ဝက်လျှော့ချနိုင်ခြင်းနှင့် လုပ်သားရှားပါးမှုပြဿနာများ ဖြေရှင်းနိုင်ကြောင်း၊ စပါးစိုက်ပျိုးသူတောင်သူများအနေဖြင့် ငှားရမ်းအသုံးပြုလိုပါက ဆက်သွယ်ဆောင်ရွက်စိုက်ပျိုးနိုင်ကြောင်း စက်မှုလယ်ယာဦးစီးဌာန၊ အမှတ် (၆၉) စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးမှူးဦးတင်မိုးကပြောသည်။

အဆိုပါ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းကို မြို့နယ်အတွင်းမှ စပါးစိုက်ပျိုးထုတ်လုပ်သူတောင်သူများက လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**စိုးလင်းနိုင်**(IPRD)

# ထူးခြားသည့်မိတ်ဆက်မှုနှင့် ထွက်ပေါ်လာတော့မည့် Essential PH-1

မျက်နှာပြင်အကျယ် ၅ ဒသမ ၇ လက်မရှိကာ ဒီဇိုင်းပိုင်းတွင်ရိုးရှင်းလှပသော Essential PH-1 ကို လာမည့် ဩဂုတ် ၂၅ ရက် နောက်ပိုင်းတွင် ဈေးကွက်အတွင်းစတင်မြင်တွေ့ရတော့မည်ဖြစ်သည်။ အဆိုပါ ဖုန်းအတွက် သတင်းထုတ်ပြန်မိတ်ဆက်မှုအချို့ ရှိခဲ့သော်လည်း နည်းပညာသတင်းစာမျက်နှာများတွင်မူ ထူးထူးခြားခြားဖော်ပြမှုများ မရှိခဲ့ပေ။

အမေရိကန်နိုင်ငံတွင် ထုတ်လုပ်ထားသည့်ဖုန်းဖြစ်ပြီး ၎င်းစမတ်ဖုန်း ထုတ်လုပ်သည့်လုပ်ငန်း၏ ပထမဆုံးခြေလှမ်းတစ်ခုဖြစ်သည်။ မောင်းနှင်မှုအတွက် Qcta-Core Qualcomm Snapdragon 835 ပရိုဆက်ဆာ အသုံးပြုထားပြီး လည်ပတ်မှုစနစ် Android 7.0 ပါဝင်သည်။ RAM ပါဝင်မှုမှာ 4 GB ရှိပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 128 GB ပါဝင်ကာ ထပ်မံ၍ Micro SD ထည့်သွင်းအသုံးပြုနိုင်ခြင်းမရှိပေ။ SIM ကတ် တစ်ကတ်သာ ထည့်သွင်းအသုံးပြုနိုင်ပြီး ချိတ်ဆက်မှုအပိုင်းတွင် 4G LTE စနစ်ကို အသုံးပြုနိုင်မည် ဖြစ်သည်။

ကျောဘက်ကင်မရာ 13 MP ပါဝင်ပြီး အရှေ့ဘက်ကင်မရာ 8 MP ပါဝင်သောကြောင့် အရည်အသွေးကောင်းမွန်သော ကင်မရာစနစ်တပ်ဆင်ပေးထားကြောင်း သိနိုင်ပြီး ထူးခြားချက်အနေဖြင့် ကမ္ဘာ့အသေးငယ်ဆုံး ၃၆၀ ကင်မရာစနစ် ပါဝင်သည်။ ဘက်ထရီစနစ်အတွက် 3040 mAh ရှိသော ဘက်ထရီပါဝင်ကာ ထုတ်လုပ်ထားသည့်အရောင်များမှာ Black Moon, Stellar Grey, Pure White, Ocean Depths ဟူ၍ အရောင် လေးမျိုးရရှိနိုင်မည်ဖြစ်ပြီး ဈေးနှုန်းသတ်မှတ်ချက်ကို တရားဝင်အတိအကျကြေညာခြင်းမရှိသေးချေ။

ALEX



# ZTE မှ၎င်း၏စမတ်ဖုန်းသစ် Blade Z Max ကိုစတင်မိတ်ဆက်

ကင်မရာနှစ်လုံးတပ်ဆင်သည့်စမတ်ဖုန်းအသစ်များစွာ ပေါ်ထွက်လာပြီးနောက် ZTE မှလည်း သူ၏ ကင်မရာနှစ်လုံး တပ်ဆင်ထားသော ၎င်း၏ Blade Z Max ကို မိတ်ဆက်လိုက်သည်။ ဩဂုတ် ၂၈ ရက်တွင် ဈေးကွက်အတွင်းသို့ ပို့ဆောင်မည်ဟု ကြေညာထားပြီး ကျောဘက်ကင်မရာနှစ်လုံးပါဝင်လာသည်။

မျက်နှာပြင်အကျယ် ခြောက်လက်မရှိပြီး 2.5D Dragontail Glass အသုံးပြုထားသည့်မျက်နှာပြင်ဖြစ်သောကြောင့် ယခင် ထုတ်လုပ်ပြီးစမတ်ဖုန်းများထက် ပိုမိုခံ့ခိုင်မည်ဖြစ်သည်။ Qualcomm Snapdragon 435 Chipset အသုံးပြုထားပြီး ကျောဘက်တွင် လက်ဗွေစနစ်ပါဝင်လာသည်။ RAM ပါဝင်မှု 2 GB ရှိပြီး သိုလှောင်သိမ်းဆည်းမှု 32 GB ပါဝင်ကာ Micro SD 128 GB အထိ ထပ်မံထည့်သွင်းအသုံးပြုနိုင်သည်။

ကျောဘက်တွင် 16MP+2MP ကင်မရာနှစ်လုံးပါဝင်ကာ အရှေ့ဘက်ကင်မရာမှာ 8 MP ပါဝင်ပြီး ဓာတ်ပုံပြင်ဆင်မှုပိုင်းနှင့်ပတ်သက်သည့် ထူးခြားသည့်လုပ်ဆောင်မှုများကိုလည်း ထည့်သွင်းပေးထားသည်။ ဘက်ထရီစနစ်အတွက် 4080 mAh တပ်ဆင်ပေးထားသောကြောင့် စွမ်းအင်သုံးစွဲမှုအတွက် ကောင်းမွန်သည့်အထောက်ပံ့များရရှိမည်ဖြစ်သည်။ မြန်မာကျပ်ငွေ ၁၇၀၀၀၀ ဝန်းကျင်ဖြင့် ဩဂုတ် ၂၈ ရက်မှ စတင်ရောင်းချမည်ဖြစ်သည်။

ALEX







# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မေတ္တာတရားနှင့် အေးချမ်းသောဘဝနေထိုင်မှု




မေတ္တာသည်လောကီ၌ အမြင့်မြတ်ဆုံးသောတရားနှင့် အကြီးမားဆုံးသော ကုသိုလ်လည်းဖြစ်သည်။ ဘာသာတရားတိုင်းသည် မေတ္တာတရားကို အခြေခံထားသည်ကိုတွေ့ရှိရမည်ဖြစ်သည်။ စာရေးဆရာမင်းကျော်ဝင်းရေးသားသော မေတ္တာတရားနှင့်အေးချမ်းသော ဘဝနေထိုင်မှု စာအုပ်ထွက်ရှိလာသည်။

ထို့ကြောင့်တစ်နွယ်ငင်တစ်စင်ပါဆိုသကဲ့သို့ မေတ္တာတရားတစ်ခုတည်းကိုကျင့်သုံးရုံဖြင့် အရာရာ ခပ်သိမ်းသည်သူ့အလိုလိုပြီးပြည့်စုံလာတတ်သည်။ သတ္တဝါများသည်လိုအင်ဆန္ဒတွေအများကြီးရှိနေသောကြောင့် ထိုလိုအင်ဆန္ဒတွေနောက်ကို လိုက်လံရှာဖွေကြသည်။ ရှာတဲ့အတိုင်းလည်း စည်းစိမ်ဥစ္စာတွေရပေမယ့် ဘယ်တော့မှပြည့်စုံတယ်လို့မရှိကြပေ၊တစ်ခုခုကိုလိုနေတုန်းပဲ တစ်ခုခုကိုလိုက်ရှာနေတုန်းပဲဖြစ်သောကြောင့်ထိုသူတို့လိုနေသောအရာသည် မေတ္တာတရားပင်ဖြစ်ကြောင်း အဆိုပါစာအုပ်တွင်ရေးသားဖော်ပြထားသည်။ ထို့ကြောင့်မေတ္တာတရားသည်သာ လောကီသာမက လောကုတ္တရာနိဗ္ဗာန်သို့ရောက်အောင်ပို့ဆောင်ပေးနိုင်ကြောင်းအဆိုပါစာအုပ်တွင်ရေးသားဖော်ပြထားသည်။

**စာအုပ်ကို သိမ့်ထိုက်စာပေ၊ အမှတ်-(၂၃၁)(ဒုတိယထပ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉၅၀၅၉၂၁၄နှင့်၀၉၂၅၀၆၄၈၃၆၂ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့်ဖြန့်ချိသည်။**

## ကျောင်းသားလူငယ်ဆိုင်ရာစိတ်ပညာ





လူသားများသည်ကိုယ်ရောစိတ်ပါ ကျန်းမာခြင်းချမ်းသာခြင်းကို အလိုရှိကြပြီး ငယ်ရွယ်သူကျောင်းသားလူငယ်များအဖို့ ပျော်ရွှင်စွာပညာသင်ကြားနိုင်ရန် ကိုယ်ရောစိတ်ပါကျန်းမာဖို့လိုအပ်ကြောင်း စာရေးဆရာမင်းထက်ဇော်၏ ကျောင်းသားလူငယ်ဆိုင်ရာစိတ်ပညာ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကျောင်းသားလူငယ်များနေ့စဉ်ကျောင်းတွင်တွေ့ကြုံနေရသော ပြဿနာများ၊ အနိုင်ကျင့်ခံရမှုများ၊ စာပေသင်ကြားခြင်းကို စိတ်မပါမှုများ၊ စိတ်ဓာတ်ကျခြင်း စသည့်အထွေထွေပြဿနာများကို စိတ်ပညာရှုထောင့်မှနေ၍ စဉ်းစားတွေးခေါ် ဖြေရှင်းနည်းများကိုဖော်ပြထားသည်။ ထို့ကြောင့် သားသမီးရှိသော မိဘတိုင်း၊ ပညာသင်ကြားနေသောဆရာတိုင်းဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မနောဖြူစာပေ၊ အမှတ်-(၂၃၅)၊ (၃၇)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉၇၃၂၄၆၉၈၀နှင့် ၀၉-၄၅၀၀၁၇၀၇၀ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိသည်။**

## အသုံးများသောကြိယာဝိသေသနများ




ကမ္ဘာ့သုံးဖြစ်သော အင်္ဂလိပ်ဘာသာသည် အလွန်ပရိယာယ်များသည်။ ထိုသို့ပရိယာယ်များသောအင်္ဂလိပ်ဘာသာတွင် အသုံးများသော ကြိယာငါးလုံးနှင့် ကြိယာဝိသေသနများအသုံးပြုပုံသည် ပိုမို၍အသုံးဝင်သည်။ ထို့ကြောင့် အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စာရေးဆရာကိုမင်း ရေးသားသော အသုံးများသောကြိယာဝိသေသနများ စာအုပ်ထွက်ရှိလာသည်။

Adverbဆိုသောစကားလုံးကို ကြိယာဝိသေသနဟု ပြန်ဆိုလေ့ရှိကြသော်လည်းကြိယာတစ်ခုတည်းကိုသာအထူးပြုသည်မဟုတ်ဘဲ ကြိယာကိုသော်လည်းကောင်း၊ စကားစုကိုသော်လည်းကောင်၊ ဝါကျတစ်ကြောင်းလုံးကိုသော်လည်းကောင်း လေးနက်စေသော စကားလုံးတစ်ခုဖြစ်သည်။

ထို့အပြင် be,do,get,have ,take ဟူသောကြိယာ ငါးလုံး၏ အရေးပါပုံကိုလည်းရှင်းပြထားသည်။ Modal Verb များကို နမူနာနှင့်အတူ စာဖတ်သူနားလည်စေရန် ပြုစုထားသည်။

အင်္ဂလိပ်ဘာသာရပ်ကို အဆင့်အတန်းမီလိုသော လူငယ်လူရွယ်များနှင့် ဝန်ထမ်းများအတွက် မရှိမဖြစ်လိုအပ်သောစာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မျက်ပွင့်စာပေ၊ အမှတ်-(၂၃၅)၊ (၃၇)-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၇၃၀၀၂၉၆၅နှင့် ၀၉၇၃၀၀၅၈၈၂တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။**

## A $(H_1N_1)$ 09 တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ





A$(H_1N_1)$ 09 တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိရာ ဒေါက်တာမင်းသိမ်းရေးသားသည့် သိကောင်းစရာ ဆေးပညာပေးစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် A $(H_1N_1)$ 09 တုပ်ကွေးဗိုင်းရပ်စ်မျိုးသစ် မည်သို့မည်ပုံဖြစ်ပေါ်လာပုံမှစ၍ကမ္ဘာ့တုပ်ကွေးရောဂါကြီးများ ဖြစ်ပေါ်ခဲ့သည့်သမိုင်းဖြစ်စဉ်၊ မြန်မာ့တုပ်ကွေးရောဂါကြီးများ ဖြစ်ပေါ်ခဲ့သည့်သမိုင်းဖြစ်စဉ်များကိုပါ ရေးသားထားသည်။

ထို့ပြင် A $(H_1N_1)$ 09 တုပ်ကွေးရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ရန် ပညာပေးမှုများလည်း ပါဝင်သည်။ အထွေထွေရောဂါကုဆရာဝန်များနှင့် ပြည်သူများဖတ်ရှုသင့်သော စာအုပ်ဖြစ်သည်။

**စာအုပ်ကို အာရုံသစ်စာပေ အမှတ် (၃၆၅)၊ (၃၁) လမ်းထိပ် ဗိုလ်ချုပ်အောင်ဆန်းလမ်း ပန်းဘဲတန်းမြို့နယ်မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့်ဖြန့်ချိသည်။**

## ရွှေ့ဆောင် အင်္ဂလိပ်-မြန်မာ ခရီးဆောင်အဘိဓာန်




ဆရာသိန်းလွင်ဦး၏ ရွှေ့ဆောင် အင်္ဂလိပ်-မြန်မာ ခရီးဆောင်အဘိဓာန်စာအုပ်ထွက်ရှိလာသည်။

နိုင်ငံခြားဘာသာစကား၏အသံထွက်ကို မြန်မာဘာသာဖြင့်ဖော်ပြရာတွင် အနီးစပ်ဆုံးအသံထွက်နိုင်ရန်အတွက် အသံထွက်များကိုပါဖော်ပြထားသည်။ အစ်ဒီယမ်များ၊ ကြိယာတွဲများ၊ ကျောင်းသားများအတွက် ဘာသာရပ်ဆိုင်ရာ ဝေါဟာရများ၊ နမူနာဝါကျများကို မြန်မာပြန်ရှင်းပြထားသည်။

**စာအုပ်ကို ဦးစာပေ ခြံအမှတ် ၈၇/၈၈ စိန်ပန်းပြာလမ်း သုဝဏ္ဏ ရန်ကုန်မြို့မှ ဖုန်း ၀၁၈၅၆၂၃၇၁၊ ၀၉၉၇၂၀၉၇၀၀၀ တန်ဖိုးငွေကျပ်၂၅၀၀ဖြင့်ဖြန့်ချိသည်။**

## အကောင်းဆုံး Essays & Letters ရေးနည်းများ




အလယ်တန်းနှင့် အထက်တန်းကျောင်းသားများအတွက် အထောက်အကူပြုနိုင်စေရန် ဆရာကျော်မြင့်အေးရေးသားသော အကောင်းဆုံး Essays& Letters ရေးနည်းများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ယနေ့ခေတ်ကျောင်းနေသော အလယ်တန်း၊ အထက်တန်းကျောင်းသားများအတွက် အကောင်းဆုံး English Essaysများ၊ Letters များ ရေးသားရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် ရည်ရွယ်၍ Essays များစုစုပေါင်း ၁၉ ပုဒ်နှင့် Letters ပုဒ်တို့ကို ဝေါဟာရဖွင့်ဆိုချက်များနှင့်တကွ ဖော်ပြထားသည်။ Essays များ ရေးသားရာတွင်မိမိ၏ စိတ်ကူး Essays များဉာဏ်ဖြင့် ရေးသားနိုင်ရန် outline များကို ဖော်ပြထားသည့်အပြင် Letter များကိုလည်း Essays များကဲ့သို့ပင် ဝေါဟာရဖွင့်ဆိုချက်များ ထည့်သွင်းပေးထားသည့်အတွက် ပိုမိုလွယ်ကူစေမည်ဖြစ်သောကြောင့် အလယ်တန်းနှင့်အထက်တန်းကျောင်းသားကျောင်းသူများ ဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မဈေးမစာပေ၊အမှတ်-(၂၃၇)၊ ပထမထပ်-ဝဲ၊ (၃၉)-လမ်းအပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁၃၉၂၈၃၅နှင့် ၀၉-၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ်၂၀၀၀ ဖြင့်ဖြန့်ချိသည်။**

## ပတ္တမြားရတနာ မူလတန်းကလေးကဗျာများ




ကဗျာဟူသည် စာပေ၏ အညွန့်အဖူးအဖြစ်လည်းကောင်း၊ အလှအပအဆင်တန်ဆာအဖြစ်လည်းကောင်း၊ ဖြူနီပြာဝါ ရောင်စုံပန်းကလေးများ ဖူးပွင့်နေသည့် ပန်းဥယျာဉ်တစ်ခုအဖြစ်လည်းကောင်းမှတ်ယူနိုင်ကြောင်းစာရေးဆရာဦးဝမ်ထိန်ရေးသားသော ပတ္တမြားရတနာမူလတန်းကလေးကဗျာများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကဗျာသည်သီချင်း၊ ဂီတဆိုင်ရာ ကာရန်၊ စည်း၊ နရီများပါရှိပြီးဖြစ်၍ ကဗျာဖတ်ရင်းပျော်ကြ ကကြခုန်ကြ ဝမ်းမြောက် ကြည်နူးကြသဖြင့် ကလေးသူငယ်များပိုမိုနှစ်သက်မြတ်နိုးကြမည်ဖြစ်သည်။ ယနေ့ မူလတန်းကလေးများကဗျာရွတ်ဆိုနိုင်စေရန် မြန်မာစာနှင့် အင်္ဂလိပ်စာသင်ချိန်တို့တွင် ကဗျာရွတ်ဆိုနိုင်ရန် မက္ကမီလန်ကုမ္ပဏီမှ ၁၉၅၈ ခုနှစ်ကထုတ်ဝေသော SELECTED ENGLISH POEMS FOR MIDDLE SCHOOL IN BURMA စာအုပ်ထဲမှ ကလေးသူငယ်များအထူးစိတ်ဝင်စားပြီး ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုနိုင်ရန် လက်ရွေးစင်ကဗျာ ၄၇ပုဒ်ကိုရွေးချယ်၍ ဘာသာပြန်ထားခြင်းဖြစ်သည်။

**စာအုပ်ကို ပတ္တမြားငမောက်စာပေ၊ အမှတ်-(၁၆၁)၊ (၃၃)-လမ်း(အထက်)၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၈၆၄၀၈နှင့် ၀၉ ၅၁၁၄၀၈၆တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။**

## အချစ်နှင့်အိမ်ထောင်ရေး အစွမ်းထက်ယတြာများ




လူ့လောကတွင် လူငယ်များနှင့်အိမ်ထောင်သည်အများစု ကြုံတွေ့နေရသော အချစ်ရေးနှင့် အိမ်ထောင်ရေးကိစ္စများကို သင့်တင့်စွာ ဖြေရှင်းပေးနိုင်ရန် ဂမ္ဘီရဆရာလှမျိုးရေးသားသော အချစ်နှင့် အိမ်ထောင်ရေးအစွမ်းထက်ယတြာများစာအုပ်ထွက်ရှိလာသည်။

လူသားတိုင်းသည်အချစ်နှင့်မကင်းနိုင်၊ အိမ်ထောင်ရေးသည်လည်း ဘဝတွင်အရေးပါကြောင်း အဆိုပါစာအုပ်တွင်ရေးသားဖော်ပြထားသည်။ ပီယဆိမန်းမန္တန်၊ ချစ်သူစုံတွဲများ မကွဲကွာအောင်၊ ချစ်ခင်ရေးအဆောင်၊ အသဲစွဲအောင်ချစ်သောနည်း၊ အဆက်အသွယ်ပြတ်နေသောချစ်သူ၊ အိမ်ထောင်ဖက် အဆက်အသွယ်ရစေရန်ယတြာ၊ ချစ်ခင်ခြင်းပီယနှင့်ပတ်သက်သော အဆောင်ယတြာအမျိုးမျိုး စသည့် အကြောင်းအရာများကို ပြည့်ပြည့်စုံစုံဖော်ပြထားသည်။

**စာအုပ်ကို မဈေးမစာပေ၊အမှတ်-(၂၃၇)၊ ပထမထပ်-ဝဲ၊ (၃၉)-လမ်းအပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅ နှင့် ၀၉-၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိသည်။**

OK$

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အားလုံးအတွက်
OK$ ဖြင့် လျှပ်စစ်မီတာခပေးဆောင်ပြီး
ဖုန်းကံထူးရှင် ဖြစ်လိုက်ပါ



အသေးစိတ်ကို facebook.com/okdollarapp တွင် ဖတ်ရှုပါ။
okdollar.com

အားပေးကြသော ရွှေပလ္လင် ပရိသတ်များကို ကျေးဇူးတုန့်ပြန်သောအနေဖြင့်
10 YEARS Anniversary SINCE 2007
၁၀နှစ်ပြည့် anniversary PROMOTION!
ရွှေပလ္လင်
ရန်ကုန်၊ မန္တလေး ဆိုင်များတွင်
5000ကျပ် ဖိုးဝယ်ယူစားသုံးခြင်းဖြင့်
500ကျပ် special ကူပွန် ရယူပါ။
ရန်ကုန် - ၁၇ဆိုင် (Ph:01-538-736)
မန္တလေး - စစ်ကိုင်း-မန္တလေးလမ်း၊ ကွက်သစ်ထိပ်၊ နဂါးဝန်း။ (Ph:02-4059-826)
Promotion Period : Aug 8, 2017 to Sept 30, 2017

ကိုကျော်နိုင် CAR RENTAL
စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD, HIACE (အံစာတုံး)
ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။
09 25 358 2510
09 515 8803

ဟိန်း 01.2330054 095160048 09-782470755
ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းအဆက်သွယ်ပါ။
www.heincarrental.com

စိုင်စိုင်
ဆိုဖာပြုပြင် ထုတ်လုပ်ရေးလုပ်ငန်း
စိုင်စိုင် ဆိုဖာပြုပြင် ထုတ်လုပ်ရေးလုပ်ငန်းမှ မည်သည့် ဆိုဖာအမျိုးအစားကိုမဆို အာမခံဖြင့် အထူးပြုပြင်ချုပ် လုပ်ပေးနေပါပြီ။ ပြုပြင်နေစဉ် ဆိုဖာ တစ်စုံကို အစားချထားပေးပါမည်။
အခမဲ့ သယ်/ပို့
Ph - 09 969906473, 09 969906478, 09 977248395

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ
ကြော်ငြာခွင့်ပြုချက်အမှတ် တဆက(စာနယ်ဇင်း) ၁၁၇/၀၃၁၅
ဖျံ-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၅၉၄

ဆရာမြင့်(စကြာမင်း) ဦးစီးထုတ်ဝေသော ကျန်းမာလိုသူတိုင်းအတွက်...
သက်စောင့်သမားတော် အလှအပနှင့်တိုင်းရင်းဆေးပညာဂျာနယ်
Life-care Herbalist Beauty and Traditional medicine Journal
- တိုင်းရင်းဆေးအရေး လွှတ်တော်မှာ ဆွေးနွေး
- တုပ်ကွေးရောဂါနှင့် တိုင်းရင်းဆေးပညာ
- ဦးနှောက်အကြောင်း ယုံတမ်းစကား
- အိမ်ရှင်မ နှင့် သူငယ်နာ ရင်အုပ်ဆေး
- အရေပြားပေါ်က တက်တူး ပန်းချီနဲ့ ABCD
- ဝမ်းနုတ်ဆေးနှင့် သတိပြုစရာ
- ဆီးချိုရောဂါအကြောင်းသိကောင်းစရာ
- တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ ဘယ်လဲ ဘာလဲ
- မျက်နှာကလေးဖွေးသန့်ဖို့ သဘာဝနည်းနှင့် ချေးချွတ်စို့
- လေငန်းရောဂါ ဘယ်လိုကာကွယ်ကြမလဲ
- ဝက်ခြံ အမာရွတ်များ သန့်စင်ဖယ်ရှားနည်း
- ကျန်းမာသက်ရှည်နေရဖို့ ရသာယနဆေးမှီဝဲစို့
- အာနိသင်ထက်သော တပင်တိုင်မြန်နန်း
(နှစ်ပတ်တစ်ကြိမ် (ကြာသပတေးနေ့)ထွက်သည်။)
ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ သတင်းထွေလာ၊ ကျန်းမာရေးသုတအရပ်ရပ်များဖြင့်
အတွဲ(၁)အမှတ်(၄) (ကြာသပတေးနေ့)၁၇.၈.၂၀၁၇
ထွက်ပြီ
ကျန်းမာရေးကို လေ့လာလိုက်စားသူများ ဖတ်သင့်သော ဂျာနယ်ဖြစ်သည်။ ဖုန်း- ၀၉ ၅၁၇ ၉၃၉၈၊ ၀၉ ၄၃၀ ၈၃၄၇၇။

ဝန်ထမ်းအလိုရှိသည်
သက်စောင့်သမားတော် အလှအပနှင့် တိုင်းရင်းဆေးပညာဂျာနယ်တွင်
Designer - ၁ ဦး
DTP - ၂ ဦး
ဂျာနယ်တိုက်
အမှတ် (၂၆၁)၊ ၆လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်စက်မှုဇုန်။
ဖုန်း - ၀၉ ၄၃၀ ၈၃၄၇၇။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ထရော်စခန်းကြီးကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းဝင်အမှတ်-၃၇၄၂ မအိမင်းမြတ် ဒသမတန်း အတွဲ(၁)နှင့် ကျောင်းဝင်အမှတ် -၃၆၈၂၊ မလွင်လွင်အောင် အဋ္ဌမတန်းတို့၏ ဖခင်အမည်မှန်မှာ ဦးစောမင်းနိုင် [၁၂/တတန(နိုင်)၀၄၅၁၉၂] ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

လှိုင်မြို့နယ်မှ အဖ ဦးစိုးမြင့်၏သား မောင်ဇော်ထွန်းမင်း[၁၂/မဘန(နိုင်)၀၉၇၇၄၀]နှင့် မောင်ဇင်ပိုင်ထွန်းသည် တစ်ဦးတည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။

Winner Super Diamond Pile Co., Ltd.
W.S.D Group
GUARDIAN INDEPENDENT CERTIFICATION UKAS QUALITY MANAGEMENT
ISO 9001:2015 Cert. No. 734649



W.S.D Pile
YCDC Licence No.PL-12, MCDC Licence No.Pl-006
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊ Bored Pile, လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊ မန္တလေး။
Ph: 09-265820507
Facebook: Winner Super Diamond Piling Co.,Ltd

In Partnership with
GUSTO COLLEGE
UNIVERSITY OF GLOUCESTERSHIRE

UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာဘွဲ့၊ ဒီပလိုမာ
*August Intake* အတွက်လျှောက်လွှာခေါ်ယူခြင်း

- တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင် (သို့) IGCSE အောင်မြင်ပြီးသူတိုင်း စတင်လျှောက်ထားနိုင်သည်။
- စာသင်ကာလ ၂နှစ်အတွင်း ဘာသာရပ် ၁၆ခုကို စာတွေ့လက်တွေ့ သင်ယူရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ တက္ကသိုလ်များ ဆက်လက်တက်ရောက်ရာတွင် အဆင်သင့်ဖြစ်စေရန် English (4skills) ကိုပါ သင်ယူရမည်ဖြစ်သည်။
- လက်တွေ့လုပ်ကိုင်တတ်စေရန် Assignment များဖြင့်စစ်ဆေးမည်ဖြစ်ပြီး အောင်မြင်ပါက UK ၏ အကြီးဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သော Pearson မှ ချီးမြှင့်သည့် Level 5 အဆင့်ရှိ Higher National Diploma ကိုရရှိမည်ဖြစ်သည်။
- HND Diploma ရရှိပြီးပါက ပြည်တွင်းရှိ GUSTO ၌ပင် နောက်ဆုံးနှစ် (၁)နှစ် တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။ ပြည်ပတွင်ဆက်လက်သင်ယူလိုပါက UK, Singapore စသည့်နိုင်ငံများရှိ တက္ကသိုလ်ကြီးများ၌လည်း တက်ရောက်နိုင်ပါသည်။
(နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်သင်ယူသည့် GUSTO ကျောင်းသားတိုင်းအတွက် အထူးအခွင့်အရေး Scholarship များရရှိမည်ဖြစ်သည်။)
- **၂၀၁၇ ဩဂုတ်လ တန်းခွဲသစ်** တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ဓါတ်ပုံ (၃)ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့်တကွ ယနေ့မှစ၍ လာရောက် လျှောက်ထားနိုင်ပါသည်။

***နယ်မှ ကျောင်းသူ/ သားများအတွက် အဆောင်စီစဉ်ပေးသည်။***

Call Us : (09) 789 888 222, (09) 862 8806

အမှတ် (၂၈၉/အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။

ASIA DRAGON (ဘာလွှနှစ်း)
ချောင်းသာ 12000
ငွေဆောင် 15000
ကျိုက်ထီးရိုး 10000
09-30030030, 09-30030090

သုံးရာသီ ဓမ္မဒါန
အဘအောင်မင်းခေါင်ထွက်ပွဲ
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊
စွယ်တော်လေးဆူ၊ ပြည့်(၅)ပြည့်
တစ်ဦး(၃၅၀၀၀ိ/-)(၁၀)ဦး(၁)ဦးအခမဲ့
ကားအမျိုးမျိုးစီးလုံးငှားသည်။ 5-9-2017
420144148, 421153797

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

GLOBAL PHOENIX
အိမ်ခြံမြေ အကျိုးဆောင်
အဆင့်မြင့် လုံးချင်းအိမ်များ၊ ကွန်ဒိုခန်းများကို ငှားလိုသော နိုင်ငံခြားသား ဧည့်သည်များ ရှိနေပါသဖြင့် အိမ်ပိုင်ရှင်များ အမြန်ဆုံး ဆက်သွယ်ပေးပါ။
09-260 2600 29 / 59

စာအုပ်စာပေ
လှူမိတ်ဆွေ

သန်းငွေးနှင့်ဈောင်းရင်းများ ၏ အဘအောင်မင်းခေါင်ထွက်ပွဲ
- အဘထွက်ပွဲ၊ ပုပ္ပါး (သီးသန့်)....(၃)ရက်။
- အဘထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး၊ ပခုက္ကူ (၅)ရက်။
- အဘထွက်ပွဲ၊ ပုပ္ပါး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၅)ရက်။
- အဘထွက်ပွဲ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၅)ရက်။
- အဘထွက်ပွဲ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ လွိုင်ကော် (၆)ရက်။

Sept 5,6 ထွက်မည်

အဘထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ အဆင့်မြင့် Hotel ▶ Sept 6 ထွက်မည်
- (ပုဂံ-ညောင်ဦး၊ ပုပ္ပါး) (တောင်ကြီး၊ အင်းလေး) (မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်) (၄)ရက်။ (သောကြာ)

ကျိုက်ထီးရိုး/ချောင်းသာ (အင်္ဂါ-သောကြာ)

နေ့ချင်းပြန် (စနေ/တနင်္ဂနွေ) ★ ပြည်၊ အကောက်တောင်၊ နဂါးရစ် ★ နေပြည်တော် ★ ဗလွန်
အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထဲရေးဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## ပဲခူးမြို့
### ဈေးပြိုင်အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ "ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့"မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးပြိုင်အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ(၃)ထပ်အဆောက်အအုံ (၈)လုံး (ပဲခူးမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဖြူးမြို့နယ်၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်)

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)ဖြင့် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့တွင် ၁-၉-၂၀၁၇မှ ၁၄-၉-၂၀၁၇ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံဖြစ်ရပါမည်။

၅။ ဈေးပြိုင်အဆိုလွှာများကို တိုင်းအုပ်ချုပ်ရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့ထံလိပ်မူ၍ ၁၄-၉-၂၀၁၇ရက် ၁၆:၀၀နာရီတွင် နောက်ဆုံးထား၍ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့ရှိ တင်ဒါပုံးအတွင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့။**
**ဖုန်း-၀၅၂-၂၂၀၀၄၉၂၊ ၀၅၂-၂၂၂၁၂၆၈၊ ၀၅၂-၂၂၀၁၈၃၇**



# THE CENTRAL

WHERE THE FINEST MEETS

## LIVE, WORK & PLAY IN THE AWARD WINNING DEVELOPMENT



NEW RELEASE OF SPECIAL PROMOTION UNITS!

**LAKEVIEW UNITS AVAILABLE**

**THIS MONTH ONLY!!!**

**CALL +959 777 773 770**




**Winner of 6 Myanmar Property Awards 2017**

**PROJECT LOCATION**

Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

www.thecentral.com.mm

**INFORMATION CENTER ADDRESS**

160 Meters from the Corner of Kabar Aye Pagoda Road and Kanbe Road (Across from MIC Office)



# မြန်မာခြင်းလုံးအသင်း ပထမဆုံးရွှေတံဆိပ်ရယူ

**ကွာလာလမ်ပူ ဩဂုတ် ၁၆**

မလေးရှားနိုင်ငံ၌ ကျင်းပနေသည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ခြင်းလုံးပြိုင်ပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ကွာလာလမ်ပူမြို့ရှိ တီတီဝမ်ဆာ အားကစားရုံ၌ ကျင်းပရာ မြန်မာခြင်းလုံးအသင်းက ရွှေတံဆိပ်ရယူပေးခဲ့သည်။

မြန်မာခြင်းလုံးအသင်း ရယူပေးခဲ့သည့် ရွှေတံဆိပ်ဆုမှာ (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ရရှိသည့် ပထမဆုံးရွှေတံဆိပ်ဖြစ်ခဲ့သည်။ မြန်မာအသင်းသည် Event-2 ပြိုင်ပွဲတွင် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ဗိုလ်လုပွဲတွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ မြန်မာအသင်းသည် ဗိုလ်လုပွဲတွင် ထိုင်းအသင်းကို ၃၁၇-၃၀၃ မှတ်ဖြင့် ၁၄ မှတ် အသာရကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်မလေးရှားနှင့် လာအိုအသင်းက ပူးတွဲကြေးတံဆိပ်ရရှိခဲ့သည်။ နံနက်ပိုင်းက ကျင်းပသည့် Event-3 ပြိုင်ပွဲတွင် မလေးရှားအသင်းက ရွှေဆုရခဲ့ပြီး ယင်းဆုမှာ (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ပထမဆုံး ရွှေတံဆိပ်ဖြစ်ခဲ့သည်။

ခြင်းလုံးပြိုင်ပွဲ ဒုတိယနေ့ကို ဩဂုတ် ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် Event-4 ပြိုင်ပွဲ၌ ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-မလေးရှား)**







တိုက်စစ်မှူး ရွှေကို၊ ကွင်းလယ်ကစားသမား ရန်နိုင်ဦးနှင့် လှိုင်းဘိုဘိုတို့ ဂိုးသွင်းပြီးနောက် အောင်ပွဲခံနေစဉ်။

# အချိန်ပိုသွင်းဂိုးများဖြင့် မြန်မာ ယူ-၂၂ အသင်း လာအိုကို အနိုင်ရ

**ဆီလန်ဂေါ ဩဂုတ် ၁၆**


မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အုပ်စု(က)ဘောလုံးပွဲစဉ်များကို ယနေ့ညနေပိုင်းက မလေးရှားနိုင်ငံ ဆီလန်ဂေါမြို့ UiTM ကွင်း၌ ကျင်းပရာ မြန်မာ ယူ-၂၂ အသင်းက လာအိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လာအိုအသင်း၏ မထင်မှတ်သည့် ရုန်းကန်မှုကြောင့် မြန်မာ ယူ-၂၂ အသင်း ခက်ခက်ခဲခဲ ကစားခဲ့ရသော်လည်း လိုအပ်နေသည့် အနိုင်သုံးမှတ်ကို ရယူနိုင်ခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် လာအိုကို ပွဲချိန်မိနစ် ၉၀ ပြည့်သည်အထိ တစ်ဂိုးစီသာ သရေကစားနိုင်ခဲ့သော်လည်း အချိန်ပိုတွင် သွင်းယူခဲ့သည့် ဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○**

# အချိန်ပိုအနိုင်သွင်းဂိုးများကြောင့် မြန်မာဘောလုံးချစ်ပရိသတ်များ အားရကျေနပ်ပျော်ရွှင်ခဲ့ရ






မြန်မာ-လာအို ဘောလုံးပွဲစဉ်ကို ရန်ကုန်မြို့တော်ခန်းမရှေ့၌ LED ပရိုဂျက်တာဖြင့်ပြသရာ လာရောက်အားပေးကြသည့် မြန်မာဘောလုံးပရိသတ်များအား တွေ့ရစဉ်။

**ရန်ကုန် ဩဂုတ် ၁၆**

မလေးရှားနိုင်ငံတွင် ကျင်းပသည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ မြန်မာအုပ်စုပွဲစဉ် ဒုတိယပွဲစဉ်အနေဖြင့် မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သော မြန်မာအသင်းနှင့် လာအိုအသင်းတို့၏ ဘောလုံးပွဲစဉ်အား မြို့တော်ခန်းမရှေ့၌ LED ပရိုဂျက်တာများဖြင့် ဆက်လက်ပြသရာ မြန်မာဘောလုံးချစ်ပရိသတ်အပြားအများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

"ပထမတော့ ဒီပွဲကို မလွှင့်တော့ဘူးဆိုလို့ မကြည့်ရတော့ဘူးထင်နေတာ၊ အခုပြန်လွှင့်တယ်ဆိုတော့ ဝမ်းသာပါတယ်။ ဒီမှာလာပြီးကြည့်ဖြစ်တယ်။ စင်ကာပူနဲ့ပွဲလည်း အလုပ်တစ်ဖက်နဲ့ ဒီမှာပဲလာကြည့်ဖြစ်တယ်။ ဒီမှာအားပေးရတာ ပိုအားရတယ်။ ဒီနေ့လည်း အနိုင်ပွဲဆိုတော့ အားပေးရတာတန်တယ်။ အလွန်လည်း ဝမ်းသာပီတိဖြစ်မိတယ်။ ဒါပေမယ့် ဒီနေ့ လာအိုအသင်းကလည်း မထင်မှတ်ထားအောင် ကောင်းခဲ့တယ်။ မြန်မာအသင်း အသည်းအသန်ကန်ခဲ့ရတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ မြန်မာအသင်း အချိန်ပိုမှာ ကြိုးစားသွားတာ အလွန်ကောင်းတယ်။

**စာမျက်နှာ ၁၁ ကော်လံ ၁၁ သို့ ●**

